# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၂၉၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ယာမင် အဗ္ဗဒူလ်ဂေယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကြီးသည် မိဘပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူဗဟိုပြုအခန်းကဏ္ဍမှ သီးပွင့်လာသည့်ပွဲတော်ကြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ဇေယျပူရတိုင်း စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် အသခ်ယာစောယွမ်းမင်း ကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁ ❍*

**စစ်ကိုင်းမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဘာသာ၊ သာသနာထွန်းကားစည်ပင်သည့် မြို့ကြီးအဖြစ် မြန်မာတွင်သာမက ကမ္ဘာကပင် သိရှိထင်ရှားသည့် မြို့တစ်မြို့ဖြစ်**



သီတဂူဆရာတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများ အသခ်ယာစောယွမ်းမင်း ကြေးသွန်းရုပ်တုရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြန်/ဆက်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အိမ်ငှားဘဝမျှော်လင့်ချက်

ရန်ကုန်မြို့သည် လူဦးရေခုနစ်သန်းကျော်နေထိုင်သော မြို့ကြီးဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း ကောင်းမွန်သော မြို့ကြီးဖြစ်သည့်အလျောက် အနယ်နယ်အရပ်ရပ်မှ လာရောက် အလုပ်လုပ်ကိုင်ကြသူများပြားပြီး အများစုမှာ အိမ်ငှားနေထိုင်ကြသူများဖြစ်ပါသည်။ အိမ်ငှားနေထိုင်ကြသူများ၏ အဓိကရည်မှန်းချက်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အိုးပိုင်အိမ်ပိုင်နှင့် အခြေချနေထိုင်ရေးပင်ဖြစ်ပါသည်။ သို့သော် အိမ်ဈေးမြေဈေးများ အဆမတန် မြင့်တက်ခဲ့မှုကြောင့် အိမ်ငှားဘဝလွတ်မြောက်ရေး မျှော်လင့်ချက်ရောင်ခြည်သည် မှေးမှိန်ကွယ်ပျောက်ခဲ့ရသည်။

သို့ပါသော်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက စက်မှုဇုန်လုပ်သားများအပါအဝင် ဝင်ငွေနည်း မိသားစုများအတွက် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးရန် စီစဉ်နေခြင်းကြောင့် မျှော်လင့်ချက်ရောင်ခြည်သည် ပြန်လည်ရှင်သန်လာဖွယ်ရှိပါသည်။ ဤစီမံကိန်းသည် လစဉ် ဝင်ငွေကျပ် သုံးသိန်းဝင်ငွေရှိသူများ ဖြစ်ရမည်ဖြစ်ပြီး အိမ်ရာတန်ဖိုးမှာ ငွေကျပ်သိန်းတစ်ရာဝန်းကျင် ဖြစ်မည်ဖြစ်ကြောင်း သိရပါသည်။ ရန်ကုန်မြို့၏ ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် လှိုင်သာယာ၊ဒဂုံမြို့သစ်နှင့် ရွှေပြည်သာမြို့နယ်များတွင် နေထိုင်ကြသော အိမ်ရာမရှိသူများနှင့် စက်မှုဇုန်လုပ်သားများအတွက် မဲနှိုက်ရွေးချယ် ရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်မြို့၏ အိမ်ရာလိုအပ်ချက်သည် ၂၀၀၀ ပြည့်နှစ်က အိမ်အလုံးရေ ၂၀၀၀၀ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၃၀၀၀၀ အထိမြင့်တက်လာကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လေ့လာမှု စစ်တမ်းများအရ သိရသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် အိမ်ခန်းပေါင်း ၁၁၆၈ ခန်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် ၂၉၇၆ ခန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ၁၉၀၉ ခန်း၊ ရွှေပြည်သာ မြို့နယ်တွင် ၁၂၀၀ စုစုပေါင်း အိမ်ခန်း ၁၀၀၀၀ နီးပါး အကောင်အထည်ဖော် တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တွင် လူဦးရေခုနစ်သန်းကျော်နေထိုင်လျက်ရှိရာ လေးပုံတစ်ပုံခန့်မှာ အိုးပိုင်အိမ်ပိုင်မရှိသူများ ဖြစ်ကြသည်။

သို့ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဤအစီအစဉ်ကြောင့် အိမ်ငှားနေထိုင်သူပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်သည် ပြန်လည်ရှင်သန်လာပြီဟု ဆိုရမည်သာဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အလားတူအိမ်ရာစီမံကိန်းသစ်များ အများအပြား ဖော်ဆောင်ပေးသင့်ပါသည်။ သို့ရာတွင် အမှန်တကယ်ဝင်ငွေနည်းပြီး နေထိုင်မည့်သူများ လက်ထဲသို့သာ ရောင်းချပေးသင့်ပါသည်။ စီမံကိန်းတွင် အဂတိတရားကင်းရှင်းစွာလုပ်ဆောင်ရန်လည်း အရေးကြီးပါသည်။ သို့မှသာ စီမံကိန်းရည်မှန်းချက်သည် အောင်မြင်မည်ဖြစ်ပြီး အိမ်ရာမဲ့များအတွက် ကူညီပေးရာလည်း ရောက်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ရွေးကောက်ပွဲလုံခြုံရေးနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုငြိမ်းချမ်းရေးသိပ္ပံမှ လာရောက်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးသိပ္ပံ (United State Institute of Peace- USIP) ၏ အကြီးတန်းအရာရှိ Mr. Steve Hegen နှင့် အဖွဲ့သည် ဇူလိုင် ၂၁ ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ လာရောက်တွေ့ဆုံကာ နိုင်ငံတကာရွေးကောက်ပွဲများတွင် ကျင့်သုံးသည့် လုံခြုံရေးနည်းစနစ်များ၊ ရဲတပ်ဖွဲ့လုပ်ငန်းတာဝန်များ၊ ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် စိန်ခေါ်မှုများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

အဆိုပါအဖွဲ့သည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်လည်း ရွေးကောက်ပွဲ လုံခြုံရေးတာဝန်ထမ်းဆောင်မှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကျင့်ဝတ်နှင့် စည်းကမ်းများ (Myanmar Police Force's Elections Security Code of Conduct ) နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရွေးကောက်ပွဲကာလ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်များ သိသင့်သိထိုက်သည့် အချက်များနှင့် လိုက်နာဆောင်ရွက်ရန်များ၊ အထူးရဲများကို လေ့ကျင့်သင်တန်းပေးရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတကာမှ လက်ခံကျင့်သုံးလျက်ရှိသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းတို့ကို လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

(မြန်မာ့အလင်း)

## လျှော်လှူပ်ခဲ့သော်လည်း ဆွာချောင်းရေလှောင်တမံ ထိခိုက်မှုမရှိ



**ရေတာရှည် ဇူလိုင် ၂၆**

လွန်ခဲ့သော ရက်ပိုင်းအတွင်းက ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့အနောက်တောင်ဘက်ခြောက်မိုင်ခန့်အကွာ စမိုးသစ်တောကြိုးဝိုင်းကို ဗဟိုပြု၍လှုပ်သွားသော ငလျင်ကြောင့် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲအက်ကွဲကြောင်းများ ဖြစ်ပေါ်နေသည်ဟူသော သတင်းများ ကျေးလက်တောရွာများ၌ ပျံ့နှံ့လျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဆွာချောင်းရေလှောင်တမံရေပိုလွှဲကို သွားရောက်ကြည့်ရှုခဲ့ရာ ပျံ့နှံ့နေသောသတင်းမှာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။

"ရေပိုလွှဲက ၃၃၇ ပေရောက်မှ ကျော်တာ၊ အခုပေ ၃၃၀ ပဲရှိသေးတယ်။ထွက်ပေါ်နေတဲ့ သတင်းတွေက မဟုတ်ပါဘူး။ ကျွန်တော်တို့ တာဝန်ရှိသူတွေက မကြာမကြာ စစ်ဆေးနေ ပါတယ်"ဟု ဆွာဆည် ထိန်းသိမ်းရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပင်မတမံနှင့် ရေပိုလွှဲတို့တွင် အကောင်းဆုံး အနေအထား၌ရှိနေသော်လည်း ဆည်၏မြောက်ဘက်ပိုင်း ကျွန်းတောစုကျေးရွာတောင်ဘက်ရှိတမံမှာ တရားမဝင်သစ်များ ဖြတ်ကျော် ဆွဲယူခြင်းကြောင့် ပျက်စီး နိမ့်ကျလျက်ရှိကြောင်း ဥယျာဉ်မှူးကျေးရွာ ဒေသခံတစ်ဦးကပြောသည်။ "သစ်တွေကို ဝါး ဖောင်တွေနဲ့ကဲပြီး သယ်လာတာ၊ ဆွဲပြီးသားတွေလည်းပါတယ်။ တမံပေါ်ကနေ ကျွဲတွေ၊ လှည်းတွေနဲ့ ဆွဲပြီးသယ်တဲ့အခါကြတော့ တမံကတော်တော်ကို ပျက်စီးနေပြီ" ဟု အထက်ပါ ဒေသခံကပင် ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

## တောင်ကမ်းပါးယံမြေပြိုကျပြီး ကားလမ်းပိတ်ဆို့မှုဖြစ်

**ရွှေကူ ဇူလိုင် ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ဇင်းဘုံကျေးရွာအနီး(ဗန်းမော်-ရွှေကူ-မန္တလေး) မဟာဗျူဟာ ကားလမ်းမိုင်တိုင်အမှတ် (၁၅၃) မှ မိုင်တိုင်အမှတ် (၁၅၆) အတွင်း ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံမြေပြိုကျ၍ ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကားလမ်းပေါ်သို့ ပြိုကျလာသောမြေကြီး၊ ကျောက်တုံး၊ ကျောက်ခဲများကို နယ်မြေခံတပ်နယ်မှ ယာယီဒုတိယတပ်ရင်းမှူးနှင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စက်ယန္တရား၊ လုပ်အားများဖြင့် အမြန်ဆုံးရှင်းလင်းဖယ်ရှား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၈၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ - ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ - ၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀ - ၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀ - ၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုး ပညာရှင်များအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနာယက ဦးရွှေနန်းတင် ဦးဆောင်သည့် သဘင်ပညာရှင်များ၊ မြို့မအသင်းနှင့် ဂီတအစည်းအရုံးမှ ပညာရှင်များ၊ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးပညာရှင်အား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မန္တလေးမြို့၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်မည့် စီမံကိန်း တည်နေရာ၊ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်၊ တည်ဆောက်မည့် အဆောက်အအုံတွင် အထပ်အလိုက် ပါဝင်မည့် အခန်းဖွဲ့စည်းပုံ၊ ဗိသုကာပုံစံများနှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် မန္တလေးမြို့၌ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်နှင့် ယဉ်ကျေးမှုများကို သားစဉ်မြေးဆက် ထိန်းသိမ်း စောင့်ရှောက်နိုင်စေရန် ဖြစ်ကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်း ၁၀ မျိုး ပညာရှင်များအား အနုပညာဗဟိုဌာန တည်ဆောက်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအတွက် ဝင်ငွေများ ပိုမိုရရှိလာစေမည်ဖြစ်ပါကြောင်း၊ အနုပညာ ဗဟိုဌာနကို မန္တလေးနှင့်အလားတူ ရန်ကုန်တွင်လည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ယင်းဗဟိုဌာနများ တည်ဆောက်ပြီးစီးပါက အနုပညာဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနုပညာဆိုင်ရာ အရေးပြခန်းများနှင့် အနုပညာသင်တန်းများကိုပါ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းဗဟိုဌာနများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဆောက်အအုံများပြီးစီးပါက အနုပညာရှင်များက အုပ်ချုပ်မှုအဖွဲ့အစည်းများဖွဲ့စည်းပြီး တာဝန်ယူကာ လုပ်ငန်းများ ဆက်လက်စီမံဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အနုပညာရှင်များက သဘင်၊ ဂီတအနုပညာလုပ်ငန်းများအတွက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်သမ္မတက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုတည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (မန္တလေး)ကို ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ၇၈ လမ်းကြား မြေဧက ၈ ဒသမ ၈၁ ဧက အကျယ်ပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ် လွှတ်လျက်ရှိကြောင်းနှင့် တာတမံများ ကျိုးပေါက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံကြီး ၂၄ ခုမှာ ကြီးအုံကြီးဝ ရေလှောင်တမံ၊ ကညင် ရေလှောင်တမံ၊ မန်းတမံ ရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ ကျေးပင်အက် ရေလှောင်တမံ၊ နန်ကသူ ရေလှောင်တမံ၊ ကင်းတပ် ရေလှောင်တမံ၊ ရေဘုတ် ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ ပြိုင်းချောင်း ရေလှောင်တမံ၊ တောင်နဝင်း ရေထိန်းတမံ၊ မုက္ခာရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ လင်ပန်း ရေလှောင်တမံ၊ ကိုးပင်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ ဇာမဏီ ရေလှောင်တမံ၊ မင်းရဲ ရေလှောင်တမံ၊ စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ၊ လိုင်ဗားရေလှောင်တမံ၊ ရှောက်ချောင်း ရေလှောင်တမံ၊ ဘန့်ဘွေးကုန်း ရေလှောင်တမံ၊ ပျဉ်ပုံကြီး ဆည်ရေ လှောင်တမံနှင့် ဝါးပါး ရေလှောင်တမံတို့ဖြစ်သည်။

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိဘဲ အဆိုပါ ရေလှောင်တမံများရှိ ရေပမာဏမှာ သဖန်းဆိပ် ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ၂၈၆၃၅၅၄ ဧကပေ၊ ခပေါင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၃၉၅၄၆၉ ဧကပေ၊ ကင်းတား ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၁၅၂၄၀၀၊ ဖြူးရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ၄၀၁၉၇၆ ဧကပေ၊ ဆည်တော်ကြီး ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၂၅၇၄၀၀၊ ပေါင်းလောင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၅၁၆၇၆ ဧကပေ၊ ဆင်သေ ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၄၀၃၅ ဧကပေ၊ ချောင်းမငယ် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၂၁၆၉ ဧကပေ၊ ငလိုက် ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၃၇၁၀၀၊ ရေဆင်း ရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၁၅၇၅၀၊ မဒန်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၆၂၈၇ ဧကပေ၊ မြို့လှ (တပ်ကုန်း) ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၉၇၈ ဧကပေ၊ သဲဖြူရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၉၄၇ ဧကပေ၊ တောက်ပြိုရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၆၂၄ ဧကပေ၊ မုံချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၅၅ ဧကပေနှင့် ကင်းသာရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၆၂ ဒသမ ၈၀ ဧကပေ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်တွင်းဘွဲ့ရနှင့် ပြင်ပဘွဲ့ရများ ဒုရဲအုပ်လောင်းစာမေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျင်းပသော တပ်တွင်းဘွဲ့ရနှင့် ပြင်ပဘွဲ့ရများ ဒုရဲအုပ်လောင်း အမျိုးသား အမျိုးသမီး ရေးဖြေစာမေးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော် အမှတ်(၅)အထက၌ ကျင်းပရာ နံနက်ပိုင်းတွင် ပြင်ပဘွဲ့ရ ဒုရဲအုပ်လောင်း အမျိုးသား အမျိုးသမီး ၂၅၆ ဦး၊ မွန်းလွဲပိုင်းတွင် တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်း အမျိုးသား အမျိုးသမီး ၄၈၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မော်လ်ဒိုက်ဗ်လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်လ်ဒိုက်ဗ် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒွန်ယာမော်မွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများမှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်း

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ နိုင်ငံရေးပါတီ ခုနစ်ပါတီနှင့် တစ်သီးပုဂ္ဂလတို့က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၀ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း လေးဦး၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်လောင်း ကိုးဦး စုစုပေါင်း ၄၆ ဦးတို့ အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလတို့၏ လွှတ်တော်များအလိုက် အမည်စာရင်းတင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကောင်းမြို့နယ် ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်

**မိုးကောင်း ဇူလိုင် ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ငွေနှင့် ဆန်ပေးအပ်ပွဲ အခမ်းအနားကို နန့်ကောင်းရိပ်သာ၌ ယမန်နေ့ နံနက် ၇ နာရီခွဲက ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အရှေ့ရပ်၊ ကျွန်းဆော၊ နတ်ကြီးကုန်း၊ အိုးတန်းနှင့် ဖိုးချစ်ကုန်းအုပ်စုတို့ကို ဟင်းဖိုး သုံးရက်စာ ငွေကျပ် ခြောက်သိန်းစီ၊ ခမရ ၃၈၁၊ ၃၈၂၊ ၃၉၀ နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ကို ဆန် ၁၀ အိတ်နှင့် ငွေကျပ် ငါးသိန်း၊ နမ္မတီး ဒေသစိတ်အတွင်းမှ ရေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ငွေကျပ် ငါးသိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်အိမ်ထောင်စု ၁၀၃ စု၊လူဦးရေ ၄၅၇ ဦးတို့ကို ထမင်းဘူးနှင့် ရေဘူးများဝေငှခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က နမ္မတီးမြို့ရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်း နှစ်ခု၊ ဆေးရုံ၊ လမ်းခွဲ၊ ABC ကျောင်းနှင့် နှစ်ခြင်းခရစ်ယာန်ကျောင်းတို့ရှိ ပြည်သူများအာဟာရတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်သည်များ၊ မွေးလူနာများကို ကွေကာအုပ်၊ ကြက်ဥနှင့် မုန့်များသွားရောက်ထောက်ပံ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုကျိုဆင်ခြေဖုံးရပ်ကွက်အတွင်း လေယာဉ်ပျက်ကျ၍ သုံးဦးသေဆုံး

**တိုကျို ဇူလိုင် ၂၆**

တနင်္ဂနွေနေ့က ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိ လူနေရပ်ကွက်ပေါ်သို့ လေယာဉ်ပျက်ကျရာ လူသုံးဦးသေဆုံးသွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။

လေယာဉ်ပျက်ကျသဖြင့် မီးလောင်ကျွမ်းခဲ့သော အပျက်အစီးများ၊ မီးခိုးငွေ့များကြားတွင် မီးသတ်သမားများနှင့် ကယ်ဆယ်ရေးအဖွဲ့သားများက ရှာဖွေကယ်ဆယ်နေသည်ကို ရုပ်မြင်သံကြားတွင် တွေ့မြင်ရသည်။ အိမ်အမြောက်အမြား ဆိုးဆိုးရွားရွားပျက်စီးခဲ့ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် လူငါးဦးလိုက်ပါလာရာ နှစ်ဦးသေဆုံးခဲ့ကြောင်း၊ အိမ်အတွင်းရှိ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး လူငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အိမ်ပေါ်သို့ လေယာဉ်ပျက်ကျသည့် အသံကိုကြားခဲ့ရပြီး ပြတင်းပေါက်မှ မီးတောက်များကိုမြင်တွေ့ရကြောင်း အမျိုးသမီးတစ်ဦးက အင်န်အိတ်ချ်ကေသို့ပြောသည်။

သေဆုံးသူများကို ဆေးစစ်ချက်အတည်မပြုခင် ဂျပန်၌ လုပ်ထုံးလုပ်နည်းအတိုင်း နှလုံးနှင့်အဆုတ်ရောဂါရှိမရှိ စစ်ဆေးခဲ့ကြောင်း တိုကျို မီးသတ်ဌာနက ပြောသည်။ အိမ်ငါးလုံး၊ ကားနှစ်စီးမီးလောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်း အဆိုပါသတင်းဌာနမှ သိရသည်။ **(ရိုက်တာ)**



# ၁၀ နှစ်သားကလေးငယ်ကို ယဇ်ပူဇော်သည့် နီပေါလူမျိုး ငါးဦးကို ဖမ်းဆီး

**ခတ္တမန္ဒူ ဇူလိုင် ၂၆**

နီပေါနိုင်ငံ အနောက်တောင်ပိုင်းတွင် ၁၀ နှစ်သားကလေးငယ်ကို သတ်မှုဖြင့် လူငါးဦး တရားစွဲဆိုဖမ်းဆီးခံခဲ့ရကြောင်း တနင်္ဂနွေနေ့က ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါအမှုတွင် လူသားကို ယဇ်ပူဇော်သည်ဟု သံသယရှိကြောင်း မီဒီယာများက ဖော်ပြသည်။

ကလေးငယ်ဂျီဝမ်ကိုဟန်၏ အလောင်းကို သုံးရက်ကြာပျောက်ဆုံးပြီးနောက် အိန္ဒိယနယ်စပ် နာဝါပရာစီခရိုင်အတွင်း ကူဒီရာရွာရှိ ချုံပုတ်တစ်ခုထဲ၌ သောကြာနေ့က ပုပ်သိုးလျက် တွေ့ရှိခဲ့ရကြောင်း ရဲအရာရှိ နာပရာဆတ်ယူပဒေရာက ပြောသည်။ ကလေးငယ်၏လည်ပင်းသည် လှီးဖြတ်ထားခြင်းခံရသည်။

ကလေးငယ်၏ဖခင်မှာ ၎င်း၏ဖျားနေသောသားငယ်ထံမှ မကောင်းဆိုးရွားဝိညာဉ်ထွက်သွားရန်အတွက် ပယောဂဆရာ၏ အကြံပေးချက်အရ သတ်ရခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်ဟု ခတ္တမန္ဒူသတင်းစာတွင် ဖော်ပြထားသည်။

ဖခင်ဖြစ်သူက ကလေးငယ်ကိုအိမ်နီးချင်းများ၏ အကူအညီဖြင့် လူသူရှင်းသည့်နေရာသို့ မုန့်နှင့် ဆင့် ၅၀ ပေးမည်ဟု ပြောဆိုစည်းရုံးခေါ်ယူခဲ့သည်ဟု သိရသည်။ ထို့နောက် ဘာသာရေးထုံးတမ်းဓလေ့အရ ကလေးငယ်ကို စီရင်ပြီးလျှင် ချုံပုတ်ထဲသို့ စွန့်ပစ်ထားခဲ့ကြောင်း မီဒီယာများက ပြောသည်။

လူသတ်မှုနှင့်သက်ဆိုင်သော လူငါးဦးကို တရားစွဲဆိုမည်ဖြစ်ကြောင်း ရဲအရာရှိက ပြောသည်။

နီပေါလူမျိုး ၂၈ သန်းရှိသည့်အနက် ၈၀ ရာခိုင်နှုန်းကျော်မှာ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်။ အများစုမှာ နတ်ဘုရားများထံတွင် ဆိတ်၊ ကျွဲနှင့် ကြက်စသည့် တိရစ္ဆာန်များကို ယဇ်ပူဇော်လေ့ရှိကြသည်။ **(ရိုက်တာ)**

# အယ်လ်ရှာဘတ်များကို တိုက်ခိုက်ရာတွင် ကင်ညာကို အမေရိကန်ကူညီမည်

**နိုင်ရိုဘီ ဇူလိုင် ၂၆**

အယ်လ်ရှာဘတ်အဖွဲ့များကို တိုက်ခိုက်မှုတွင် အမေရိကန်အနေဖြင့် ကင်ညာကို အကူအညီပေးမည်ဖြစ်ကြောင်း သမ္မတဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

အိုဘားမားသည် ကင်ညာသမ္မတ ကင်ညာတနှင့် မြို့တော်နိုင်ရိုဘီတွင် ဇူလိုင် ၂၅ ရက်ကတွေ့ဆုံပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် အယ်လ်ရှာဘတ်အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့် ခေါင်းစဉ်ကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

အမေရိကန်သမ္မတအိုဘားမားသည် အယ်လ်ရှာဘတ်အုပ်စုများကို တိုက်ခိုက်ရာတွင် ဘဏ္ဍာငွေနှင့်စစ်ရေးဆိုင်ရာလေ့ကျင့်မှုများကို ကူညီပေးမည်ဟု ကင်ညာအစိုးရသို့ ကတိပြုပြောကြားခဲ့သည်။

အယ်လ်ရှာဘတ်အုပ်စုများသည် ၂၀၁၄ ခုနှစ်တွင် နိုင်ရိုဘီရှိ ဈေးဝယ်ကုန်တိုက်တစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၆၀ ကျော် သေဆုံးခဲ့သည်။ ၂၀၁၅ ခုနှစ်အစောပိုင်းတွင်လည်း ကင်ညာအရှေ့ပိုင်းရှိ တက္ကသိုလ်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၄၈ ဦး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဗုံးပေါက်ကွဲမှုကြောင့် တူရကီစစ်သား နှစ်ဦးသေဆုံး

**အန်ကာရာ ဇူလိုင် ၂၆**

တူရကီအရှေ့တောင်ပိုင်းရှိ ဒီရာဘီကာမြို့တွင် စနေနေ့ညက ကားဗုံးနှင့် အိမ်လုပ်ဖောက်ခွဲရေးပစ္စည်းများ ပေါက်ကွဲခဲ့ရာ တူရကီစစ်သား နှစ်ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရခဲ့ကြောင်း စစ်ဘက်မှ တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ကာ့ဒ်လူမျိုးစစ်သွေးကြွများအပေါ် တူရကီ၏ နှိမ်နင်းမှုကို လက်တုံ့ပြန်သောအားဖြင့် အဆိုပါ တိုက်ခိုက်မှုအား PKK ပါတီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တူရကီဂျက်တိုက်လေယာဉ်များနှင့် မြေပြင်ကြည်းတပ်ဖွဲ့ဝင်များသည် ဆီးရီးယားရှိ အိုင်အက်စ်တို့နှင့် ကာဒစ္စတန်အလုပ်သမားပါတီ (PKK)ကို စနေနေ့က ဝင်တိုက်ခိုက်ခဲ့ခြင်းသည် ဆီးရီးယားမြောက်ပိုင်းဒေသကို လုံခြုံဘေးကင်းသောဒေသဖြစ်စေရန် ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုကလူက ပြောကြားလိုက်သည်။

တူရကီက ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ် တို့အား ပထမဆုံးအကြိမ် တိုက်ခိုက်ခဲ့ပြီး နောက်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ အဆိုပါ ဆီးရီးယားမြောက်ပိုင်းကိုလုံခြုံဘေးကင်းသောဒေသတစ်ခု ဖြစ်လာအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကသတင်းထောက်များအား ထပ်လောင်းပြောဆိုလိုက်သည်။

အဆိုပါ စစ်ဆင်ရေးများသည် တစ်နေရာတည်းကိုပစ်မှတ်ထားလုပ်ဆောင်ခြင်းမဟုတ်ဘဲ တူရကီကို ခြိမ်းခြောက်လာနိုင်သည့် နယ်စပ်နေရာများတစ်လျှောက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

အိုင်အက်စ်အသေခံဗုံးခွဲသူတစ်ဦးက ဆီးရီးယားနယ်စပ်ရှိ တူရကီမြို့တစ်မြို့တွင် အသေခံဗုံးခွဲမှုကြောင့် လူ ၃၂ ဦး သေဆုံးခဲ့ပြီးနောက် အမေရိကန် ဦးဆောင်သော အိုင်အက်စ်ချေမှုန်းရေးတွင် တူရကီပါဝင်လာခြင်းဖြစ်သည်။ **(ရိုက်တာ)**



# ယီမင်ဟူသီထိပ်တန်း ခေါင်းဆောင်တစ်ဦးဖမ်းဆီးခံရ

**ဆာနား ဇူလိုင် ၂၆**

ယီမင်ဟူသီ ထိပ်တန်းခေါင်းဆောင်တစ်ဦးကို ဆော်ဒီဦးဆောင် မဟာမိတ်အဖွဲ့နှင့် မိတ်ဖက် တောင်ပိုင်းကာကွယ်ရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း တောင်ပိုင်းကာကွယ်ရေးအဖွဲ့များက ၎င်းတို့၏ တရားဝင်တွစ်တာအကောင့်တွင် ပြောကြားခဲ့သည်။

ဟူသီထိပ်တန်းစစ်ခေါင်းဆောင် အဗ္ဗဒူလ်ခါလစ်အယ်ဟူသီကို ဇူလိုင် ၂၅ ရက်က ကာကွယ်ရေးအဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမပြုဘဲ ၎င်းစာမျက်နှာကဖော်ပြခဲ့သည်။

ယီမင်များက အဗ္ဗဒူလ်ခါလစ်အယ်ဟူသီသည် ဟူသီခေါင်းဆောင် အဗ္ဗဒူမလက်ခ်ဟူသီ၏ အစ်ကိုဖြစ်ပြီး မြို့တော်ဆာနားရှိ အီရန်မဟာမိတ်ကာကွယ်ရေးတပ်ဖွဲ့တွင် အရေးပါသော လူတစ်ဦးဖြစ်ကြောင်း ပြောခဲ့သည်။

၎င်းသည် ယီမင်နိုင်ငံ၏တည်ငြိမ်ရေးနှင့်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် ပိတ်ပင်ဟန့်တားနှောင့်ယှက်မှုများကို ပြုလုပ်လျက်ရှိသောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အမည်ပျက်စာရင်းထည့်သွင်းခဲ့သော လူဆိုးတစ်ဦးလည်းဖြစ်သည်။ **(ရိုက်တာ)**

# ဖူးခက်တွင် ဘတ်စ်ကားမတော်တဆမှုဖြစ်ပွား တရုတ်ခရီးသွား ၁၇ ဦး ထိခိုက်ဒဏ်ရာရ

**ဗန်ကောက် ဇူလိုင် ၂၆**

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ကမ်းခြေ၌ တနင်္ဂနွေနေ့က နိုင်ငံခြားသားခရီးသွားများ၏ ဘတ်စ်ကားတစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ရာ စုစုပေါင်း တရုတ်ခရီးသွား ၁၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဖူးခက်ရှိ တရုတ်ကောင်စစ်ဝန်ရုံး ကပြောသည်။

အဆိုပါ မတော်တဆမှုသည် ဖူးခက်မြို့ရှိ မြို့ရှောင်လမ်းမကြီးပေါ်၌ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီခန့်က ဖြစ်ပွားခဲ့ပြီး ခရီးသည်တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးပြီး ယခုအချိန်ထိ အသေအပျောက်မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို ရဲများက ဆက်လက်စုံစမ်းလျက်ရှိသည်။

**(ဆင်ဟွာ)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ယင်းနောက် ပြည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်မြို့သည် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်သည့်မြို့ဖြစ်ပါကြောင်း၊ မြို့၏ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက လွတ်လပ်ပွင့်လင်းစွာ တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် တာဝန်ရှိသူများက ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ မြေယာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ရပ်နားချိန်တွင် ဒေသအနှံ့သွားရောက်၍ ပြည်သူများ၏အသံကို နားထောင်ခဲ့ပါကြောင်း၊ အလုပ်မအားလပ်သည့်ကြားမှပင် လုပ်နိုင်စွမ်းရှိသည့် အချိန်ကာလအတွင်း ပြည်သူလူထု အကျိုးစီးပွားအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့သို့ရောက်ရှိပြီး ကြို့ပင်ကောက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏အသံကို နားထောင်ကာ ပြည်သူများ၏ဆန္ဒကို သိရှိပြီး ပြည်သူတို့၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဦးစားပေးလုပ်ဆောင်ပေးမည်ဖြစ်သကဲ့သို့ ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပွင့်လင်းစွာ ထုတ်ဖော်တင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။




ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် အုတ်ဖိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်တင်ပြပြီး ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် မိုးညိုမြို့နယ်သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံမြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသအကျိုးစီးပွားအတွက် လိုအပ်ချက်များကို လွတ်လပ်ပွင့်လင်းစွာ တင်ပြဆွေးနွေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မိုးညိုမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ၊ မင်းလှမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများက လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းမှာကြားသည်။

တွေ့ဆုံပွဲများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီ(၃) ရပ်မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဘာသာပေါင်းစုံ ဝါကျွတ်(အိဒ်)မိတ်ဆုံညစာစားပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့က ကြီးမှူးကျင်းပသည့် ဘာသာပေါင်းစုံ ဝါကျွတ်(အိဒ်) မိတ်ဆုံညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၆ နာရီခွဲက ရန်ကုန်မြို့ ကမ်းနားဟိုတယ်၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး ဗဟိုအဖွဲ့နာယက ဒေါက်တာဦးလှမောင်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစ္စလာမ်ဘာသာဝင်များ၏ ကွတ်ရ်အာန်ကျမ်းကို ဦးမောင်မောင်ဝင်းကရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဦးအေးလွင်က အိဒ်နေ့ဖြစ်ပေါ်လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Murat Yavuz Ates နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ First Secretary, Mr. Joshua R.Huck တို့က ဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး ဗဟိုအဖွဲ့နာယက ဒေါက်တာ ဦးလှမောင်က ကျေးဇူးတင်စကားပြောကြားကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နောင်ချိုမြို့နယ် ရတနာသိင်္ဂီကျေးရွာရှိ တံတားနှစ်စင်း ရေစီးဖြင့်မျောပါပျက်စီး

**နောင်ချို ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရတနာသိင်္ဂီကျေးရွာအတွင်းရှိ သံကူကွန်ကရစ်ချောင်းဦးတံတား အလျားပေ ၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေနှင့် သစ်သားတံတား အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ပေရှိ တံတားနှစ်စင်းမှာ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ကြောင်းနှင့် အဆိုပါတံတားနှစ်စင်းပျက်စီးမှုကြောင့် လူနှင့်တိရစ္ဆာန်များ ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့်သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၉၄၇၄ ဧကအနက် ၃၄၉၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၇၈၉ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧက ထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၆၉၂၁ ဧကအနက် ၁၃၆ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၉ ဧက ထိခိုက်ပြီး သုံးဧက ပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၆၉၈၂ ဧက အနက် ၅၃၉၅၈ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၆၁၃၂ ဧက ထိခိုက်ပြီး ၂၈၃၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၂၇ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ဧက ၃၆၀ ပျက်စီးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၄၉ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၆၇ ဧက ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စပိန်နိုင်ငံသားနှစ်ဦး၏ မေ့ကျန်ပစ္စည်းများ ပြန်လည်ပေးအပ်

**မန္တလေး ဇူလိုင် ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မှ လေကြောင်းခရီးဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၂၅ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်ခဲ့သည့်စပိန်နိုင်ငံသား Mr. Isasi Marigomez Fernando နှင့်ဇနီး Mrs. Santiago Rodriguez Maria De La Soledad တို့သည် လေဆိပ်မှအငှားယာဉ်ဖြင့် ညနေ ၃ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ်ရှိ Goldern City Light Hotel သို့ ရောက်ရှိပြီး အဆိုပါအငှားယာဉ် နောက်ဖုံးအတွင်းမှ ခရီးဆောင်သေတ္တာနှစ်လုံးကို မချမိဘဲ ဟိုတယ်ဧည့်ခန်းသို့ သွားရောက် စဉ်အငှားယာဉ်က ဟိုတယ်မှ မောင်းနှင်ထွက်ခွာသွားခဲ့သဖြင့် သေတ္တာနှစ်လုံးအတွင်း အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်ပါရှိကြောင်းနှင့်ကူညီရှာဖွေပေးနိုင်ရန် ရဲစခန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့စု မန္တလေးသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံခြားသားများ စတင်ငှားရမ်းခဲ့သည့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)သို့ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု မန္တလေးမှ ဒုရဲအုပ် မင်းရန်အောင် ဦးစီးသောအဖွဲ့နှင့် ချမ်းအေးသာစံမြို့မရဲစခန်းမှ ဒုရဲအုပ် နေဇာဦး ဦးစီးသောတပ်ဖွဲ့ဝင်၊ ဟိုတယ်ဝန်ထမ်းမအိသက်မွန်တို့က သွားရောက်စုံစမ်းဆောင်ရွက်ကူညီခဲ့ရာ အဆိုပါ နိုင်ငံခြားသားများ ငှားရမ်းသည့် အငှားယာဉ်မှာ မျိုးဇော်သိန်း(ခ) မြတ်သိန်းမောင်းနှင်သည့် DD----- ယာဉ်ဖြစ်ကြောင်း စုံစမ်းသိရှိရ၍ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းရာ ၎င်းယာဉ်မောင်းမှာ နေအိမ်သို့ ပြန်ရောက်ပြီး ကားနောက်ဖုံးကို ဖွင့်ကြည့်စစ်ဆေးရာ ခရီးဆောင်သေတ္တာနှစ်လုံးရှိနေကြောင်း သိရ၍ ဟိုတယ်သို့ လာရောက်ပို့ပေးမည်ဖြစ်ကြောင်း ဆက်သွယ်အကြောင်းကြားခဲ့သည်။ ညနေ ၆ နာရီ ၄၅ မိနစ်တွင် အငှားယာဉ်မောင်း မျိုးဇော်သိန်း(ခ) မြတ်သိန်းက သေတ္တာနှစ်လုံးကို ဟိုတယ်သို့ လာရောက်ပေးပို့ကြောင်းနှင့် ပူးပေါင်းအဖွဲ့က စပိန်နိုင်ငံသားနှစ်ဦးကို စစ်ဆေးခဲ့ရာ ပြည့်စုံမှန်ကန်ကြောင်းပြောသဖြင့် ပူးပေါင်းအဖွဲ့က အဆိုပါ သေတ္တာနှစ်လုံးကို အငှားယာဉ်မောင်းနှင့် ဟိုတယ်ဝန်ထမ်း မအိသက်မွန်တို့ ရှေ့မှောက်တွင် ပြန်လည်ပေးအပ်ရာ စပိန်နိုင်ငံသားနှစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# အနည်းဆုံးအခကြေးငွေ သဘောတူသတ်မှတ်နိုင်ဖို့ လွယ်မယောင်နဲ့ခက်နေတာလား

စံကားဝါ

အနည်းဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်စဉ်(၇)အဖြစ် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့တာ အားလုံးသိရှိပြီးဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ပြီးချိန်ကတည်းက မြန်မာနိုင်ငံရှိ အလုပ်သမားများက အနည်းဆုံးအခကြေးငွေ ဘယ်လောက်များ သတ်မှတ်ကြမယ်ဆိုတာကို စောင့်မျှော်ကြ၊ တောင်းဆိုကြ၊ အဆိုပြုကြတာ လုပ်ကြပါတယ်။ အလုပ်ရှင်တွေဘက်ကလည်း နိုင်ငံတကာမှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လာတဲ့အခြေအနေ၊ ကျွမ်းကျင်မှု လုပ်သားတန်ဖိုးတွေနဲ့ နှိုင်းယှဉ်ပြီး ချိန်ဆပေးနိုင်ဖို့ ပြင်ဆင်လာကြပါတယ်။

**လုပ်ခလစာအဖြေရှာ**

ဒီလိုအခြေအနေမှာ အနည်းဆုံးအခကြေးငွေတစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနက ကမကထပြုရင်း အလုပ်သမား၊ အလုပ်ရှင်နဲ့ အလုပ်သမားရေးရာဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတွေ ပါဝင်တဲ့ အမျိုးသားကော်မတီအစည်းအဝေးနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပတာကို တွေ့ရပါတယ်။ ဒါက တွေ့ဆုံညှိနှိုင်းဆွေးနွေးရာကနေ ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်နိုင်ဖို့ကို သွားရာလမ်းကြောင်းလို့လည်း မှတ်ယူပါတယ်။ **ဒီနေရာမှာ ဆိုစရာတစ်ခုက နှစ်ဦးနှစ်ဖက်ဖြစ်စေ၊ သုံးဦးသုံးဖလှယ်ဖြစ်စေ ဒီထက်များတဲ့ ဘက်ပေါင်းစုံဖြစ်စေအများဆန္ဒနဲ့ အများအကျိုးကို ရှေးရှုဆုံးဖြတ်ရတာတွေရှိပါတယ်။ မိမိအတွက်ကို ရှေ့တန်းတင်လို့ အမြဲမရနိုင်ပါဘူး။**

အခြေခံကျကျစဉ်းစားကြည့်ရင် မည်သည့်အလုပ်ရှင်မဆို မိမိတို့လုပ်သားများကို ဝမ်းဝအောင်ကျွေးမွေးဖို့ တာဝန်ရှိပါတယ်။ ပိုလျှံငွေကြေးပေးနိုင်ဖို့မဆိုဘဲ ဝမ်းဝအောင်ကျွေးခြင်းဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေဥပဒေ ထွက်ပေါ်ပြီးနောက်ပိုင်း အလုပ်ရှင်၊ အလုပ်သမားများရဲ့ နှစ်ဖက်အမြင်တွေကို ကြားသိလာရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ လစာစရိတ်တိုးမြှင့်ရရှိတာ၊ နိုင်ငံ့ဝန်ထမ်းတွေ လစာတိုးမြှင့်ရရှိပြီးနောက်မှာ အလုပ်သမားတွေရဲ့ အခြေခံလုပ်ခလစာ တိုးမြှင့်ရရှိရေး ဆန္ဒထုတ်ဖော်မှုတွေ ပြင်းထန်လာပါတယ်။ အလုပ်ရှင်တွေဘက်ကလည်း အခက်အခဲတွေတင်ပြရင်း နှစ်ဖက်တင်းမာလာတဲ့ အခြေအနေအထိ ဖြစ်လာပါတယ်။

အများတကာ လစာတိုးတက်ရရှိပြီး တိုးမြှင့်လာတဲ့အချိန်မှာ ကုန်ဈေးနှုန်းရဲ့ဂယက်က အခြေခံလုပ်သားတွေကိုလည်း လွှမ်းမိုးမှုရှိတယ်ဆိုတာကို မေ့ထားလို့မရပါဘူး။

ဒီနေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်တွေ တွေ့ဆုံညှိနှိုင်းမှုတွေ အကြိမ်(၃၀)ကျော် ပြုလုပ်ခဲ့ပြီးဖြစ်တာကို တွေ့နိုင်ပါတယ်။ အကြိမ်များစွာ တွေ့ဆုံညှိနှိုင်းပြီးမှသာ အနည်းဆုံးအခကြေးငွေကို တစ်နေ့အလုပ်ချိန် ရှစ်နာရီအတွက် ငွေကျပ် ၃၆၀၀ သတ်မှတ်နိုင်ဖို့ အဆိုပြုနှုန်းတစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ဇွန်လ ၂၉ ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်တဲ့ ဒီအဆိုပြုနှုန်းကို နှစ်ပတ်အတွင်း ထောက်ခံတာ၊ ကန့်ကွက်တာတွေ လုပ်နိုင်ကြောင်း ထုတ်ပြန်ထားပါတယ်။ သက်ဆိုင်ရာအမျိုးသားကော်မတီက ဩဂုတ်လအကုန်မှာ တိကျတဲ့ပမာဏတစ်ခုကို အနည်းဆုံးအခကြေးငွေအဖြစ် သတ်မှတ်ပြဋ္ဌာန်းဖို့ ဖြစ်လာတော့မှာပါ။

အမျိုးသားကော်မတီကထုတ်ပြန်ခဲ့တဲ့ အဆိုပြုနှုန်းထားအပေါ် အလုပ်သမားကိုယ်စားလှယ် အများဆုံးပါဝင်ဖွဲ့စည်းထားတဲ့ အလုပ်သမားအဖွဲ့အစည်းသုံးခုကလည်း ဇူလိုင်လဆန်းမှာ သဘောတူလက်ခံနိုင်ကြောင်း ကော်မတီကို တင်ပြထားတယ်လို့ သိရတဲ့အတွက် လုပ်သားထုလက်ခံတဲ့ အဆိုပြုနှုန်းထားတစ်ခုဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။

**အခြေခံလစာသတ်မှတ်ရာတွင်**

အနည်းဆုံးအခကြေးငွေသတ်မှတ်တဲ့နေရာမှာ အလုပ်သမား ၁၅ ဦးနဲ့ အောက်ရှိတဲ့လုပ်ငန်းငယ်တွေ အကျုံးမဝင်ဘဲ လုပ်သားအင်အား ၁၆ ဦးနဲ့ အထက်ရှိတဲ့ မည်သည့်လုပ်ငန်းမဆို အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်ကို ခံစားခွင့်ရပါတယ်။ လုပ်ငန်းအမျိုးအစားနဲ့ လုပ်ငန်းနေရာဒေသ ကွဲပြားခြားနားခြင်းလည်းမရှိပါဘူး။ ဒါဟာလည်း အများရဲ့ဆန္ဒနဲ့အညီ ဆောင်ရွက်ပေးခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အထည်ချုပ်မှာလုပ်လုပ်၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းမှာလုပ်လုပ် အမြဲတမ်းလုပ်သားအဖြစ် သတ်မှတ်ခံရပြီးရင် ရရှိနိုင်တဲ့အခြေခံလုပ်ခလစာက အတူတူပဲဖြစ်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ မည်သည့်အရပ်ဒေသမှာ လုပ်ကိုင်တဲ့ လုပ်ငန်းဖြစ်ပါစေ တူညီတဲ့အခြေခံလစာခံစားခွင့်ပေးနိုင်ဖို့ အဆိုပြုခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

**အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားထုတ်ပြန်ချက်မှာလည်း အသစ်ဝင်လာတဲ့ အလုပ်သမားတစ်ယောက်ကို စတင်ခန့်ထားတာနဲ့ အနည်းဆုံးအခကြေးငွေချက်ချင်းပေးစရာမလိုဘဲ အလုပ်သင်ကာလမှာ အခြေခံလစာ ရဲ့ ၅၀ ရာခိုင်နှုန်းထက်မနည်း၊ အစမ်းခန့်ကာလမှာ အခြေခံလစာရဲ့ ၇၅ ရာခိုင်နှုန်းနဲ့ အလုပ်ရှင်ကကျေနပ်လို့ အလုပ်ခန့်မှသာ အခြေခံလစာပြည့်နဲ့ လုပ်ခလစာပေးဖို့ ညှိနှိုင်းပေးထားတာ တွေ့ရပါတယ်။** ဒါက အလုပ်ရှင်တွေအတွက် အလုပ်သမားခန့်ထားရေးမှာ လုပ်သာကိုင်သာရှိအောင် ဖန်တီးပေးထားတာလည်း ဖြစ်ပါတယ်။

**လုပ်ခလစာတိုးတက်ရရှိဖို့ အခြေခံအချက်တွေ**

နောက်တစ်ခုက အလုပ်သမားတွေ လက်ရှိရရှိနေတဲ့ အခြေခံလုပ်ခလစာနဲ့ နေထိုင်စားသောက်မှုစရိတ်( Living Cost )ကို ချိန်ဆကြည့်ရင် မလောက်ငဘူးဆိုတဲ့ အဖြေကသိသာထင်ရှားပါတယ်။ လက်ရှိအလုပ်သမားအများစု ရရှိနေတဲ့ အခြေခံလစာတစ်ရက် တစ်ထောင်ကျပ် (တစ်လသုံးသောင်း)မှာ အချိန်ပိုလုပ်အားခ၊ အပိုဆုကြေး၊ ရက်မှန်ဆုကြေးစတဲ့ မက်လုံး ( Incentive) တွေပေါင်းစပ်ပြီးမှ လစာစုစုပေါင်း တစ်သိန်းဝန်းကျင်ကို ရောက်နိုင်တာ တွေ့ရပါတယ်။

လူသားတစ်ယောက် တစ်နေ့တာရှင်သန်ရပ်တည်နိုင်ဖို့ လိုအပ်တဲ့ လုပ်အားခ (Living Wage) ပဲဆိုဆို၊ ဝမ်းစာဖူလုံဖို့လုပ်အားခ ( Subsistence Wage)ပဲဖြစ်ဖြစ် အခြေခံလုပ်သားတွေအတွက် အနည်းဆုံးရရှိတဲ့ အခကြေးငွေဟာ နေထိုင်စားသောက်စရိတ်ကို ကာမိဖို့လိုပါတယ်။ ဆာလောင်မှုက ဒေါသကိုဖြစ်စေတယ်လို့ ဆိုကြပါတယ်။ ဝမ်းမဝဘဲ အလုပ်ကြိုးစားလုပ်ကိုင်ဖို့ မည်သို့မျှမဖြစ်နိုင်ပါ။ အလုပ်သမားတွေဝမ်းမဝရင် အရင်ကလိုပဲ ဆန္ဒပြတောင်းဆိုမှုတွေကြောင့် တည်ငြိမ်တဲ့လုပ်ငန်းခွင်မရှိခဲ့ရင် အလုပ်ရှင်တွေရဲ့ အကျိုးစီးပွားလည်း ထိခိုက်နိုင်သလို နိုင်ငံ့စီးပွားရေးလည်း ထိခိုက်နိုင်ပါတယ်။

သူတွေက ထောက်ပြကြပါတယ်။ ဒီကုန်ဈေးနှုန်းရဲ့ ဂယက်ကိုလည်း အခြေခံလုပ်သားများဖြစ်တဲ့ ယနေ့အလုပ်သမားထုလည်း ခံစားရပါတယ်။

မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင် ၃၀၀ ကျော်ရှိပါတယ်။ ဒီအထဲမှ အလုပ်သမားတွေတောင်းဆိုတဲ့ အခြေခံလုပ်ခလစာကို ငွေကျပ် ၃၆၀၀ အထိ တိုးမပေးနိုင်တဲ့ အထည်ချုပ်လုပ်ငန်းတချို့ဆိုတာလည်းတွေ့ရပါတယ်။ အထည်ချုပ်လုပ်ငန်းရှင်တွေမှာလည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေရှိပါတယ်။ အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားထုတ်ပြန်ပြီးနောက်မှာ မပေးနိုင်လို့အသံတွေ၊ ဝေစည်လာတဲ့အထဲမှာ တရုတ်၊ ကိုရီးယား၊ ဟောင်ကောင်နဲ့ ထိုင်ဝမ်လုပ်ငန်းရှင်တွေပါဝင်တဲ့ အထည်ချုပ်လုပ်ငန်းရှင် ၁၄၅ ဦးဆီကလို့ ဆိုပါတယ်။ မပေးနိုင်တဲ့နှုန်းထားဖြစ်တဲ့ ပမာဏကိုအတည်ပြုရင် စက်တင်ဘာလမှာ လုပ်ငန်းပိတ်သိမ်းလိုက်ပြီး လက်ရှိလုပ်ကိုင်နေတဲ့ လုပ်သားနှစ်သိန်းလောက် အလုပ်လက်မဲ့ဖြစ်သွားနိုင်တယ်လို့လည်း သူတို့ကဆိုကြပါတယ်။

တစ်ခုမေးစရာရှိတာက မြန်မာနိုင်ငံမှာ သတ်မှတ်ဖို့ရှိတဲ့ အနည်းဆုံးအခကြေးငွေကို မပေးနိုင်လို့ စက်ရုံပိတ်မယ်ဆိုရင် မြန်မာနိုင်ငံထက်လုပ်အားခသက်သာတဲ့နိုင်ငံ ဘယ်မှာရှိသလဲဆိုတာကို သူတို့စဉ်းစားဖို့လိုပါတယ်။ သူတို့ရဲ့မိခင်နိုင်ငံတွေရဲ့ လုပ်အားခဟာ မြန်မာနိုင်ငံထက် အဆပေါင်းများစွာကြီးမြင့်နေလို့ သူတို့တစ်တွေ လုပ်အားခသက်သာတဲ့ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံနေကြတာမဟုတ်လားလို့လည်း မေးစရာရှိပါတယ်။

တစ်ဖက်မှာလည်း လုပ်ငန်းရပ်ဆိုင်းရင် ဒီအတိုင်းထွက်သွားဖို့ မဖြစ်နိုင်ဘဲ နစ်နာကြေးပေးဆောင်သွားရမယ်လို့ ဆိုကြပါတယ်။ နိုင်ငံရဲ့အနာဂတ်နဲ့ ဆက်စပ်နေတဲ့ ရွေးကောက်ပွဲကျင်းပမယ့်ကာလမှာ အလုပ်ရှင်၊ အလုပ်သမား အရေးက အသုံးချလိုသူတွေအတွက် ကစားကွက်ဖြစ်သွားနိုင်ပါတယ်။ ဒါကိုလည်း အားလုံးက သတိပြုမိဖို့လိုပါတယ်။

**ငွေများစောင့်ဆိုင်းလျက်ရှိ**

မြန်မာနိုင်ငံလို လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်တွေ (Population Bonus) အများအပြားရှိတဲ့နေရာ၊ လုပ်သာကိုင်သာတဲ့ မူဝါဒအပြောင်းအလဲတွေလည်း

> **အလုပ်ရှင်တွေဘက်ကကြည့်ရင် အမြတ်အစွန်းကိုအခြေခံပြီး အလုပ်သမားတွေဘက်ကကြည့်ရင် စားဝတ်နေရေးကို အခြေခံပါတယ်။ ကမ္ဘာ့နေရာဒေသတိုင်းမှာ အလုပ်ရှင်၊ အလုပ်သမား ပဋိပက္ခနည်းနည်းနဲ့ ကုန်ထုတ်စွမ်းအားမြင့်မားအောင် လုပ်ဆောင်ကြရာမှာ စီးပွားရေးအခြေအနေသာမက တည်ငြိမ်တဲ့လုပ်ငန်းခွင်ဖြစ်ဖို့ ရှေးရှုဆောင်ရွက်ကြရ**

လက်ရှိအချိန်မှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အနိမ့်ဆုံးလစာက တစ်လလျှင် ငွေကျပ် ၁၂၀၀၀၀ ဖြစ်ပြီး နေ့စားဝန်ထမ်းတွေရဲ့ယာယီသတ်မှတ်တဲ့ နေ့တွက်စရိတ်က တစ်ရက်ကို ငွေကျပ် ၃၀၀၀ နှုန်းဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေဖြစ်တဲ့ စင်ကာပူနဲ့ ဘရူနိုင်းနိုင်ငံတွေမှာ အခြေခံလစာသတ်မှတ်မှုမရှိသော်လည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်မှာ အနိမ့်ဆုံးဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ အခြေခံလုပ်ခတစ်လစာက ၁၂၈ ဒေါ်လာရှိပါတယ်။ မြန်မာငွေတစ်သိန်းသုံးသောင်းလောက်ရှိပြီး တစ်ရက်လုပ်အားခ ငွေကျပ် ၄၀၀၀ ကျော်ရှိပါတယ်။ ထိုင်းမှာတစ်ရက်လုပ်အားခ ငွေကျပ် တစ်သောင်းလောက်ရှိပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ နှိုင်းဆကြည့်ရင် မြန်မာနိုင်ငံဟာ လုပ်အားခတန်ဖိုး အသက်သာဆုံးနိုင်ငံဖြစ်နေတာ တွေ့ရပါတယ်။ ကမ္ဘာ့ဘဏ်က သတ်မှတ်တဲ့ဝင်ငွေအနည်းဆုံး တိုင်းပြည်တွေရဲ့ တစ်ဦးချင်းရဲ့ တစ်နှစ်စာလုပ်ခလစာက ၁၀၂၆ ဒေါ်လာရှိနေတယ်ဆိုတာ သတိချပ်သင့်ပါတယ်။ ဒီပမာဏထက်လျော့နည်းပြီး ရပ်တည်နေထိုင်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

**ထည့်သွင်းစဉ်းစားရမည့် နောက်ဆက်တွဲပြဿနာ**

ဝန်ထမ်းလစာတွေတိုးမြှင့်သတ်မှတ်မှုက ငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်နည်းတစ်ဖုံ အားဖြစ်သွားစေကြောင်းကိုလည်း ကျွမ်းကျင်

စတင်ဖြစ်ထွန်းနေပြီး သန်း ၅၀ ကျော်ရှိတဲ့ လူဦးရေနဲ့ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေက ရင်းနှီးမြှုပ်နှံသူတွေကိုလာရောက်ဖို့ ဖိတ်ခေါ်ထားတဲ့အခြေအနေတွေဖြစ်ပါတယ်။ သဘာဝသယံဇာတနဲ့ လူဦးရေဆုလာဘ်ရှိတဲ့နေရာဖြစ်တဲ့ မြန်မာနိုင်ငံလို အာရှရဲ့ မတို့မထိရသေးတဲ့နေရာကို စိတ်ဝင်စားသူတွေ စောင့်ကြည့်နေကြပါတယ်။

မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းကစပြီး ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေကပေးတဲ့ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးနဲ့ အထူးအခွန်သက်သာခွင့်တွေ ပြန်လည်ခံစားခွင့်ရရှိထားပြီးလည်း ဖြစ်ပါတယ်။ အထူးကုန်သွယ်ခွင့်ဖြစ်တဲ့ GSP ရဖို့က အလုပ်သမားများ၏ မိသားစုဘဝတိုးတက်မှု၊ လူမှု အကျိုးစီးပွားဆိုင်ရာ မျှတစွာခွဲဝေရရှိနိုင်မှုတွေနဲ့ အလုပ်သမားတစ်ဦးစီရဲ့ ဝင်ငွေ စတာတွေကို အခြေခံကြရတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမေရိကန် GSP ရဖို့ဆိုရင် မဖြစ်မနေဆောင်ရွက်ဖို့က အနည်းဆုံးလုပ်ခလစာ သတ်မှတ်ဖို့၊ ကောင်းမွန်တဲ့လုပ်ငန်းဝန်းကျင်ဖြစ်ဖို့၊ အဓမ္မစေခိုင်းမှုမရှိဖို့၊ ကျန်းမာပြီးဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်ရှိဖို့၊ တန်းတူညီမျှရှိဖို့၊ အမျိုးသား၊ အမျိုးသမီးနဲ့ ဘာသာရေးအရ လူမျိုးခွဲခြားဆက်ဆံတာမရှိဖို့လိုပြီး ဒီလိုပတ်ဝန်းကျင်ကောင်းက ထွက်လာမယ့် ကုန်စည်

*စာမျက်နှာ ၇ သို့*

**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ဇူလိုင် ၂၆ ရက်က ထုတ်ချေးပေးနေစဉ်။**
(ကျေးရွာအုပ်စု ၂၀ မှ တောင်သူလယ်သမား ၃၆၆၁ ဦးကို မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်းပေါင်း ၁၄၆၆၂ ဒသမ ၄၀ ထုတ်ချေးပေးပြီးကြောင်းနှင့် ၂၀၁၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေသည့် ကျေးရွာအုပ်စုများကိုသာ ယခုနှစ်တွင် ထပ်မံထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသော ကျေးရွာများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။) (ဝ၂၁)



## မိုးလေဝသ အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်တွင် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်ကြောင်း သိရသည်။

ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကြောင်း သိရသည်။ **(မိုး/ဇလ)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



နေပြည်တော် ဇူလိုင် ၂၆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ)ပူးတွဲစစ်ဦးစီးချုပ်နှင့် အိန္ဒိယ လေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha, PVSM,AVSM, VM ၏ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွား ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။** (ယာပုံ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သောအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူး Capt: Navy Manish Bhandari တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သောမြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်မှူးချုပ် မောင်မောင်ကျော်တို့ လိုက်ပါသွားကြသည်။

ချစ်ကြည်ရေး ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးမည်ဖြစ်ပြီး အကြီးစားစက်မှု၊ လက်မှုလုပ်ငန်းများနှင့် ထင်ရှားသောနေရာများကို လေ့လာကြည့်ရှုမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှု ၆၇ နှစ်ကျော်ရှိပြီဖြစ်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အဆိုပါချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ့တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ဒုတိယအကြိမ်မြောက်သွားရောက်သော ချစ်ကြည်ရေးခရီးစဉ်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



## ဂျပန်နိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ကင်းထောက်(ဂျမ်ဘူရီ)တက်ရောက်ရန် မြန်မာကင်းထောက်အဖွဲ့ဝင်များထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၆**

ဂျပန်နိုင်ငံတွင်ကျင်းပမည့် (၂၃) ကြိမ်မြောက် ကမ္ဘာ့ကင်းထောက် (ဂျမ်ဘူရီ) သို့တက်ရောက်ရန် မြန်မာ ကင်းထောက်အဖွဲ့ဝင် ငါးဦးနှင့် ကြီးကြပ်သူ ဆရာတစ်ဦးတို့သည် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာကင်းထောက်အဖွဲ့ဝင် ခြောက်ဦးအား မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်ညိုနှင့် ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ ပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ကမ္ဘာ့ကင်းထောက် (ဂျမ်ဘူရီ) သို့တက်ရောက်မည့် မြန်မာ ကင်းထောက်အဖွဲ့ဝင်များမှာ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသားငါးဦးနှင့် ကြီးကြပ်ဆရာ တစ်ဦးတို့ဖြစ်ကာ ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၈ ရက်ထိ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကင်းထောက်များနှင့်တွေ့ဆုံကာ နိုင်ငံအလိုက် ကင်းထောက်အတွေ့အကြုံလှယ်ပြန်များမှုများကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **ကိုလတ်(သတင်းစဉ်)**

## နှစ်နိုင်ငံဒေသထွက် ကုန်စည်ပြပွဲ လှိုင်ကော်၌ ကျင်းပ

**လှိုင်ကော် ဇူလိုင် ၂၆**

ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်တို့၏ နှစ်နိုင်ငံဒေသထွက် ကုန်စည် ပြပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Surapol Panusampol နှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတော့ရယ်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မယ်ဟောင်ဆောင် ပြည်နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်တို့၏ နှစ်နိုင်ငံဒေသထွက် ကုန်စည်ပြပွဲ ခင်းကျင်းရောင်းချနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် မယ်ဟောင်ဆောင်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်မှ ဈေးဆိုင်ခန်း ၂၀နှင့် ကယားပြည်နယ်မှ ဈေးဆိုင်ခန်း ၁၀ ခန်းတို့ ဖွင့်လှစ်ရောင်းချကြပြီး ကုန်စည်ပြပွဲကို ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ ဆက်)**

*စာမျက်နှာ ၆ မှ*

တွေအတွက်ပဲ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး ရနိုင်မှာဖြစ်ပါတယ်။

အမေရိကန် GSP ရပြီး လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဖို့ အခွင့်အလမ်းတွေ ပေါ်လာရင် အရင်ဆုံးအကျိုးရှိမှာ၊ အလုပ်ရှင်၊ အလုပ်သမားနဲ့ နိုင်ငံရဲ့စီးပွားရေးအခြေအနေကောင်းလာဖို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကတစ်ဆင့် ဝင်ရောက်လာမယ့် အထည်ချုပ်လုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံလိုသူတွေလည်း လုပ်ငန်းအသစ်တွေလုပ်ဖို့ ခွင့်ပြုမိန့်တွေရရှိထားပြီးဖြစ်ပါတယ်။ ငကန်းမသေသေးသော်လည်း ငစွေများအသင့်စောင့်ကြိုနေသည်မှာ အမှန်ဖြစ်ပါတယ်။

**တည်ငြိမ်သောလုပ်ငန်းခွင်သာအဓိက**

ပြည်တွင်းအထည်ချုပ်ဈေးကွက်က အလုပ်သမားတွေထဲမှာ လုပ်ခလစာတစ်နေ့ကို ငွေကျပ် ၄၀၀၀ ရနေတဲ့သူတွေလည်း ရှိပါတယ်။ ဒီအထည်ချုပ်တွေ ဘယ်လိုရပ်တည်ကြတယ်ဆိုတာ လေ့လာကြည့်ဖို့လိုပါတယ်။

အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးကို ယေဘုယျလေ့လာကြည့်ရင် အလုပ်သမားတိုင်းက ထိုက်တန်တဲ့လုပ်ခနဲ့ စားဝတ်နေရေးအတွက်ကာမိတဲ့ လုပ်အားခကို လိုချင်သလို အလုပ်ရှင်များက လုပ်အားခနည်းနည်းနဲ့ အလုပ်လုပ်ပေးနိုင်မယ့် အလုပ်သမားတွေကိုလိုအပ်ကြတာ အခြေခံအကြောင်း တစ်ခုဖြစ်နေပါတယ်။

ဒီနေရာမှာ အလုပ်ရှင်တွေဘက်ကကြည့်ရင် အမြတ်အစွန်းကို အခြေခံပြီး အလုပ်သမားတွေဘက်ကကြည့်ရင် စားဝတ်နေရေးကို အခြေခံပါတယ်။ ကမ္ဘာ့နေရာဒေသတိုင်းမှာ အလုပ်ရှင်၊ အလုပ်သမား ပဋိပက္ခနည်းနည်းနဲ့ ကုန်ထုတ်စွမ်းအားမြင့်မားအောင် လုပ်ဆောင်ကြရာမှာ စီးပွားရေးအခြေအနေသာမက တည်ငြိမ်တဲ့လုပ်ငန်းခွင်ဖြစ်ဖို့ ရှေးရှုဆောင်ရွက်ကြရပါတယ်။

လုပ်အားခကိုညှိယူရင်း လုပ်ငန်းခွင်တည်ငြိမ်အောင်ထိန်းပြီး ကုန်ထုတ်စွမ်းအားပုံမှန်ဖြစ်နေရင် စီးပွားရေးမှာလည်း တည်ငြိမ်တဲ့ဈေးကွက်ကို ရရှိဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းရှင်အများစုရဲ့ ရပ်တည်နိုင်မှုကလည်း တည်ငြိမ်တဲ့လုပ်ငန်းခွင်ကနေ ပုံမှန်အကျိုးအမြတ်ဖြစ်ထွန်းဖို့ပဲ ဖြစ်ပါတယ်။ လုပ်ခလစာပေးရခြင်းအပေါ်မှာ အလုံးစုံတည်မှီထားခြင်းမရှိပါဘူး။

**ချစ်သောမျက်စိဖြင့်ကြည့်ကြမယ်**

လိုချင်သူက တောင်းသော်လည်း ပေးမည့်သူက ငြင်းဆန်နေရင် ဂျာအေးကို သူ့အမေရိုက်သလို သံသရာလည်ရင်း အဖြေဆိုတာ ရှိလာမှာမဟုတ်ပါဘူး။ သူ့အိုးနဲ့သူ့ဆန် တန်ရုံတောင်းနေရင် ဖန်တီးသင့်တာကို ဖန်တီးပေးရမှာဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်ကိုမဖြည့်ဆည်းဘဲ အကျိုးရလဒ်ကိုသာ မျှော်ကိုးလို့ မရပါဘူး။

လုပ်ငန်းရှင်တွေလိုအပ်တဲ့ အခြေခံအဆောက်အအုံ၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေအစီအစဉ်၊ နိုင်ငံခြားဈေးကွက်တည်ငြိမ်မှု၊ အခွန်အခနဲ့ မူဝါဒဆိုင်ရာ လုပ်သာကိုင်သာရှိတဲ့ပတ်ဝန်းကျင်ကို အစိုးရကဖန်တီးပေးပြီး အလုပ်ရှင်နဲ့ အလုပ်သမားကြား ဝိဝါဒကွဲပြားမှုတွေကိုထိန်းညှိရင်း အဖြေတစ်ခု ရှိရမယ့် အချိန်ဖြစ်ပါတယ်။

တစ်နေ့ ရှစ်နာရီ အလုပ်လုပ်ရင် ရမယ့်ငွေကျပ် ၃၆၀၀ ဆိုတာ လူသား တစ်ယောက်အတွက် တစ်ရက်တာ အခြေခံကုန်ကျစရိတ်ကို ကာမိရုံသာ ရှိကောင်းရှိပါလိမ့်မယ်။ ပိုလျှံလိုချင်သူတွေ အလုပ်ပိုလုပ်ကြပါစေ။ နားမယ့် အချိန်ထဲက အလုပ်ပိုလုပ်သူကို အပိုငွေ (အချိန်ပိုကြေး) ပေးရတာ ဖြစ်ပါတယ်။

အချို့အလုပ်ရှင်ရဲ့ လစာပေးတဲ့စနစ်မှာ အခြေခံလစာနည်းပါးသည့်တိုင် ကျန်တဲ့ခေါင်းစဉ်တွေနဲ့ စုပေါင်းရရှိငွေက အလုပ်သမားတွေတောင်းဆိုတဲ့ ပမာဏပဲလို့ ဆိုကြသူတွေရှိပါတယ်။ အခြေခံလစာကို တိုးမြှင့်ဖို့တောင်းဆိုတာဖြစ်တဲ့အတွက် အခြေခံလစာအပေါ်မှာ မူတည်စဉ်းစားကြတာသာ သင့်လျော်ပါတယ်။ အလုပ်သမားများဟာ လူသားများသာဖြစ်တဲ့အတွက် တစ်ရက် ရှစ်နာရီ အလုပ်လုပ်ပြီး စားနိုင် နေထိုင်နိုင်တဲ့အခြေအနေတစ်ခုကို ရယူချင်ကြမှာပါ။ ပုံမှန်အလုပ်ချိန် ရှစ်နာရီလုပ်ပြီး စားသောက်စရိတ် မလုံလောက်တဲ့အတွက် နားချိန်ထဲကနေ ငွေရှာနေကြရတာကို ကိုယ်ချင်းစာဖို့ လိုပါတယ်။

ဒါကြောင့် လူသားတစ်ဦးရဲ့ အခြေခံနေထိုင်စားသောက်မှု ကုန်ကျစရိတ်ကို ကာမိစေမယ့်လုပ်ခလစာကို တိုးပေးမှရမယ့် အခြေအနေဖြစ်ပါတယ်။ မျှတတဲ့ဝင်ငွေနဲ့ လူသားရဲ့ဂုဏ်သိက္ခာတွေအတွက်လို့ ကြွေးကြော်ပြီး ဂျာမနီနိုင်ငံအတွက် လုပ်ခလစာနှုန်းသစ်တွေ ထုတ်ပြန်ခဲ့တာကို မှတ်မိကြဦးမှာပါ။

မျှတတဲ့ဝင်ငွေနဲ့ လူသားဂုဏ်သိက္ခာတွေအတွက် ဘယ်လိုတိုးပေးရင် ရနိုင်မလဲဆိုတဲ့နည်းလမ်းကို ရှာဖွေဖော်ထုတ်ရမယ့် အချိန်ဖြစ်နေပါပြီ။ အငြင်းအခုံများရပ်၍ ချစ်သောမျက်စိဖြင့်ကြည့်ကာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီစိတ်ထားဖြင့် ရှေ့ဆက်သွားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်တွင် ဇေယျာပူရ ဝင်းအခင်းအကျင်းဖြင့် ဝင်းခင်းပြသနေမှုကို ကြည့်ရှုအားပေးစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

❍ ရှေ့ဖုံးမှ

ရှေးဦးစွာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ ပါမောက္ခချုပ် ဦးစိုးတင့်၊ အလှူရှင် ဦးခင်မောင်မြင့်နှင့် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ဦးစိုးနိုင်တို့က အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တမ္ပဝတီ ဦးဝင်းမောင်က အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီတဂူဆရာတော်က အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တု သွန်းလောင်းရခြင်းနှင့် ပတ်သက်ပြီး ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် သီတဂူဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တု ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုအချိန်တွင် အသံချဲ့ယာစောယွမ်းမင်း ကြေးသွန်းရုပ်တုဖွင့်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ယင်းနောက် သက်တော်(၉၉) နှစ် ဝါတော်(၇၉)ဝါရှိတော်မူသည့် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယက ကြေးသွန်းရုပ်တု တည်ထားနိုင်ခြင်းအတွက် ဝမ်းမြောက်ချီးကျူးစကား မိန့်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ အလှူရှင် ဦးခင်မောင်မြင့်နှင့် မြို့မိမြို့ဖ ဦးဇော်ဝင်းတို့က စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် စစ်ကိုင်းမြို့ကြီး၏ သမိုင်းအစဉ်အလာကောင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းသည့်အနေဖြင့် ယခုကဲ့သို့ နှစ်(၇၀၀)ပြည့်ပွဲတော်ကြီးကို အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြင့် စစ်ကိုင်းမြို့သူမြို့သားများက မျိုးရိုးဇာတိ၊ သမိုင်းအမွေကို လူထုအားနှင့် ဖော်ထုတ်ဆောင်ရွက်သည်ကို တွေ့ရသည့်အတွက် အလွန်နှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ မိမိတို့သွားနေသည့်ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုဆိုသည့် အနှစ်သာရကို အားလုံးမျက်ဝါးထင်ထင်တွေ့ရှိရသကဲ့သို့ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ရှေးဘုရင်မင်း အဆက်ဆက်က ဇေယျာပူရ၊ အတုလဝတီ စသည့်အမည်နာမအမျိုးမျိုးဖြင့် ခေါ်ဝေါ်သတ်မှတ်ခဲ့သည့် စစ်ကိုင်းမြို့ကြီးသည် အမျိုးဘာသာ၊ သာသနာစည်ပင်ထွန်းကားခဲ့ရာ သမိုင်းဝင်မြို့ကြီးတစ်မြို့အဖြစ် နှစ်ပေါင်း ၇၀၀ ကြာအောင် တည်တံ့ခိုင်မြဲခဲ့ခြင်းသည် စစ်ကိုင်းမြို့သူ မြို့သားအပေါင်းတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာပင်ဖြစ်ပါကြောင်း။

နှစ်ပေါင်း ၇၀၀ ကျော် ဖြတ်သန်းလာခဲ့ရသည့် စစ်ကိုင်း၏ သမိုင်းကြောင်းတွင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဖက်ဆစ်တော်လှန်ရေးခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်နှင့် ပြည်တွင်းရောင်စုံ သူပုန်သောင်းကျန်းမှုကာလအသီးသီးကို ကျော်ဖြတ်ခဲ့သည်ဆိုသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်အသီးသီး အခက်အခဲမျိုးစုံကြားမှ ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည့် စစ်ကိုင်းသူ၊ စစ်ကိုင်းသားများ၏ စိတ်ဓာတ်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းမြို့သူ မြို့သားများ၏ စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကြီးသည် မိဘပြည်သူများ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူဗဟိုပြု ဦးဆောင်မှုအခန်းကဏ္ဍမှ သီးပွင့်လာသည့် ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း။

သမိုင်းအစဉ်အလာကြီးမားပြီး အမျိုးဘာသာ သာသနာ စောင့်ထိန်းကြီးပွားစည်ပင်ရာ စစ်ကိုင်းမြို့ကြီးသည် နှစ် (၇၀၀)မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိမိမြို့၏ဂုဏ်ကိုမပျက်ယွင်းအောင် ဆက်လက်ထိန်းသိမ်းရင်း ပိုမိုကြီးပွားတိုးတက်စည်ပင်ဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီး ကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇေယျပူရဝင်း အခင်းအကျင်းဖြင့် ဝင်းခင်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကျောင်းသားကျောင်းသူများက ဘင်ခရာစွမ်းရည် အတီးအမှုတ်များဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက ခြင်းလုံးစွမ်းရည်ပြကွက်များဖြင့် လည်းကောင်း၊ အားကစားသိပ္ပံမှ ကျောင်းသား ကျောင်းသူများက အားကစားနည်းများဖြင့် လည်းကောင်း ဖျော်ဖြေကြရာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ဇေယျဘူမိဟူသည့် စစ်ကိုင်းမြို့တော်ကြီးကို ပင်းယတစ်စီးရှင်၏ သားတော် အသင်္ခယာစောယွမ်းက



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

(ဓာတ်ပုံ-ပြန်/ဆက်)

တည်ထောင်မင်းပြုခဲ့ပြီး ပထမ စစ်ကိုင်းခေတ်ကို မင်းခုနစ်ဆက်နန်းစံခဲ့သည်။ ဒုတိယ စစ်ကိုင်းမြို့ကို စည်သူထင်ကျော်က တည်ထောင်မင်းပြုခဲ့သည်။ တတိယ စစ်ကိုင်းမြို့ကို နန္ဒမိတ်ကျော်ထင်က လည်းကောင်း၊ စတုတ္ထ စစ်ကိုင်းမြို့ကို အလောင်းမင်းတရား၏သားတော် သီရိပဝရသုဓမ္မရာဇာဘွဲ့ခံ နောင်တော်ကြီးမင်းက လည်းကောင်း တည်ထောင်မင်းပြုခဲ့ကြသည်။

စစ်ကိုင်းမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဘာသာ၊ သာသနာ ထွန်းကားစည်ပင်သည့် မြို့ကြီးအဖြစ် မြန်မာတွင်သာမက ကမ္ဘာကပင် သိရှိထင်ရှားသည့် မြို့တစ်မြို့ဖြစ်ပြီး သမိုင်းအစဉ်အလာကောင်းများ ထိန်းသိမ်းမြှင့်တင်ရန်၊ မိဘဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးနှင့် အစဉ်အလာကောင်းများကို အောက်မေ့သတိရစေရန်၊ အနာဂတ်တွင် လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် စသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်ကို ကျင်းပရခြင်းဖြစ်ပြီး ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာစည်းခုံကြီးစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်ပြီး စေတီတော်ကြီးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လေးကျွန်းမာန်အောင်ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်ပြီး လှူဒါန်းကြသည်။

(သတင်းစဉ်)

# စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်မှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လမ်း/တံတားများ ပြန်လည်ပြုပြင်နေ

**နေပြည်တော် ဇူလိုင် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇူလိုင် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသောလမ်း/တံတားများအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ခရိုင်၊ မြို့နယ် အထူးအဖွဲ့များဖြင့် စီမံချက်ချ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွှေဘို-မြစ်ကြီးနားလမ်း (ရွှေဘို-ကျောက်တန်းအပိုင်း) မိုင်တိုင်အမှတ် (၆၉/၂နှင့် ၆၉/၃)ကြားတွင် ရေတိုက်စားပျက်စီးသွားသော အရှည်ပေ ၂၀ သံကူကွန်ကရစ် တံတားနေရာတွင်အရှည်ပေ ၅၀ ယာယီဘေလီသံပေါင်ထိုး၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မိုင်တိုင်အမှတ် (၇၇/၃နှင့်၇၇/၄)ကြားရှိ ဇော်ချောင်းတံတားကြွခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလမ်းကြောင်းပွင့်ရန် တံတားအောက်ရှိ သစ်ပင်ကြီးများ ၊ ဒိုက်ဖတ်များ ပိတ်ဆို့နေမှုတို့ကို အမြန်ဆုံး ရှင်းလင်းပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်မိုင်တိုင်အမှတ် (၉၀/၀နှင့် ၉၁/၄) ကြား ကတ္တရာလမ်းပေါ်ရေကျော်ပြီး လမ်းသားရေတိုက်စားပျက်စီးသွားသည့် နေရာတွင် လမ်းအထူးအဖွဲ့(၉)မှ လူအင်အား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေ၊ မိုင်တိုင်အမှတ်(၁၂၀/၄နှင့် ၁၂၀/၅) ကြားရှိ ဘုတလက်ရေကျော်တွင် တောင်ကျချောင်းရေ စီးဆင်းနေမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဧရာဝတီတံတား (ထီးချိုင့်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ဆောင်ရွက်နေသော ထီးချိုင့်ဘက်ကမ်းချဉ်းကပ်တံတားပြီးစီးမှု၊ ပင်မတံတား RP(1)မှ RP(7)ထိ သံပေါင်များ တပ်ဆင်ပြီးစီးမှု၊ RP(1)မှ RP(5)ထိ တံတားကြမ်းခင်းများ ခင်းပြီးမှု၊ သံပေါင်တပ်ဆင်ရန် ကျန်ရှိနေသော RP(7) နှင့် RP(10) ကြားတွင် သံပေါင် ဆက်လက်တပ်ဆင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ မြတောင်ဘက်ကမ်းသို့ ရောက်ရှိပြီး ချဉ်းကပ်တံတား ဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတား RP(16) မှ RP(10)ထိ သံပေါင်များ တပ်ဆင်ပြီးစီးမှု၊ RP (16)မှ RP(12)ထိ တံတားကြမ်းခင်းပြားများခင်းပြီးမှုနှင့် ချဉ်းကပ်လမ်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယခုအခါ ဧရာဝတီတံတား (ထီးချိုင့်)သည် တံတားတိုင်လုပ်ငန်းများနှင့် ချဉ်းကပ်တံတားနှစ်ဖက်စလုံး ဆောင်ရွက်ပြီးစီး၍ ပင်မတံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ၁၅ ခန်းရှိသည့်အနက် ထီးချိုင့်ဘက်ကမ်းတွင် သံပေါင် ခြောက်ခန်း၊ မြတောင်ဘက်ကမ်းတွင် သံပေါင်ခြောက်ခန်း စုစုပေါင်း သံပေါင် ၁၂ ခန်းတပ်ဆင်ပြီးစီး၍ ရေလယ်တိုင်သုံးခန်း ဆက်လက်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး ၇၈ ရာခိုင်နှုန်း ပြီးစီး၍ ကျန်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေး-တကောင်း -ဗန်းမော်- မြစ်ကြီးနားလမ်း (တကောင်း-ကသာအပိုင်း)တွင် တောင်ကျချောင်းရေကြောင့် ရေထဲမျောပါပျက်စီးသွားသော အရှည်ပေ ၁၂၀ တံတားအမှတ်(၃/၇၈) ဟသ်ာချောင်းတံတား အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ရွှေဘို-မြစ်ကြီးနားလမ်းနှင့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်ရှိ ယခင်ပျက်စီးခဲ့သော လမ်း/တံတားများအပြင် လောလောဆယ်ပျက်စီးသွားသည့် လမ်း/တံတားများ အမြန်ဆုံးပြင်ဆင်နိုင်ရေး မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၅၂/၆ နှင့် ၅၂/၇)ကြားတွင် အရှည်ပေ ၅၀ ကွန်ကရစ်တံတား ရေတိုက်စားပျက်စီးမှုအား ယာယီတံတားထိုး၍ ခရီးသည်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၅၁/၄မှ ၅၃/၀)ထိ ကတ္တရာလမ်းပေါ်ရေကျော်ပြီး လမ်းသားရေတိုက်စားမှုနှင့် တံတားများရေတိုက်စားမှု ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

# သီပေါမြို့တွင် တံတားကျိုးကျသည့်နေရာ၌ ယာယီဘေလီတံတား ဆောက်လုပ်လျက်ရှိ

**သီပေါ ဇူလိုင် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဇူလိုင် ၂၄ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီခန့်က နမ့်ပေါ့ချောင်းတံတားကြီး ကျိုးကျခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေဆုံးသူများမှာ သီပေါမြို့ ရွှေကျောင်းရပ်နေ ကိုထွန်းနိုင်ဦး (၂၄နှစ်)၊ ကိုခင်မောင်ထူး (၁၉ နှစ်)၊ မြို့လယ်ရပ်နေ မထက်ထက်ဦး (၁၇နှစ်)၊ ဒီဒီ(ခ)ဝေယံကျော် (၁၄ နှစ်)၊ တိန်းချေတိန်းစံရွာနေ စိုင်းကျော်ထွေး (၃၅ နှစ်)တို့ဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူများမှာ မြို့လယ်ရပ်နေ လေးမောင် (၁၃နှစ်)၊ စိုင်းကျော်ထွေး (၁၄ နှစ်)၊ နားမွန်ကျေးရွာနေ ကိုထွန်းမြင့် (၂၀ နှစ်)တို့ဖြစ်ကြပြီး ၎င်းတို့ကို သီပေါမြို့နယ်ဆေးရုံ၌ ဆေးကုသပေးလျက်ရှိကြောင်းနှင့် အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ထိုသို့ တံတားကျိုးကျပျက်စီးခဲ့မှုအပေါ် တာဝန်ရှိသူများက ဆက်လက်ရှင်းလင်းမှုများ ပြုလုပ်လျက်ရှိရာ အများပြည်သူသွားလာမှုလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရန်အတွက် ယာယီဘေလီတံတား ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# တောင်ကုတ်၌ ကျန်းမာရေးအသိပညာပေး

**သံတွဲ ဇူလိုင် ၂၆**

ပျို့ရွယ်သူကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက တောင်ကုတ်မြို့ အထက(၁) ပညာရတနာခန်းမ၌ ကျင်းပရာ သံတွဲခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မဇ္ဈုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာခင်ငြိမ်းသူက ပျို့ရွယ်သူကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မိုးကုတ်မြို့ မြေပြိုမှုဖြစ်ပွားရာနေရာများတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်း ဇူလိုင် ၂၅ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီး/ ရေလျှံမှုများ၊ မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ မိုးကုတ်မြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းကြီးအလယ်ရွာရှိ စိမ့်ညီနောင်ကုမ္ပဏီ လုပ်ကွက်အမှတ်(၆၉)အတွင်း ရေဝင်ရောက်မှုကြောင့် တဲပြိုကျကာ တဲအတွင်း အိပ်ပျော်နေသူ အမျိုးသားတစ်ဦး ဒဏ်ရာများ ရရှိသေဆုံးခဲ့သည်။

ထို့ပြင် တောင်မင်းတောင်မှ တောင်ကျရေ စီးဆင်းမှုကြောင့် အင်းချောင်းရွာမှ အသက်(၁၀ နှစ်) အရွယ်ရှိ ကလေးငယ်တစ်ဦး ရေနှင့်အတူမျောပါပျောက်ဆုံးခဲ့ပြီး ရတနာသိဒ္ဓိ ပရဟိတဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကိုရင်အိပ်ဆောင်ပြိုကျမှုကြောင့် ကိုရင်နှစ်ပါး ဒဏ်ရာရကာ ရေပူရပ်ကွက်၊ ရေပေါက်တစ်ရာရပ် အခြေခံပညာ မူလတန်းကျောင်းဘေးရှိ ကမ်းပါးပြိုကျမှုကြောင့် နေအိမ်တစ်လုံး ပျက်စီး၍ အမျိုးသမီးတစ်ဦးနှင့်အထက်ပန်လင်ကျေးရွာ၌ နေအိမ်ပြိုကျမှုကြောင့် အမျိုးသားတစ်ဦး ဒဏ်ရာများရရှိခဲ့သည်။

ထို့ပြင် မိုးကုတ်မြို့ မင်းတံတားရပ်ကွက်ရှိ အောင်စကြာဆီဆိုင်ရှေ့၊ ပိန်းပြစ်(၅)မိုင်နှင့် (၆)မိုင်ကျေးရွာကြားတွင် တောင်ပြိုကျပြီး မိုးကုတ်-မန္တလေး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကာ ချောင်းကြီး-ကြက်နှစ်ဖ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားသုံးခု ရေတိုက်စားမှုကြောင့် မျောပါပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသည့်နေရာများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေး ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ



မိုးကုတ်မြို့၌ မြေပြိုမှုများဖြစ်ပွားရာ ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးကြစဉ်။

# အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် မြန်မာ့အလုပ်အကိုင်ပြပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ကျင်းပသည့် သတ္တမအကြိမ်မြောက် မြန်မာ့အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာကြီးတွင်သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိစ္စသည် အဓိကအခန်းကဏ္ဍက ပါဝင်နေသည့် အတွက် နိုင်ငံတော်အစိုးရအနေနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရန်နှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်ရရှိရေးကိစ္စရပ်များကို အဓိကထားပြီး ဦးစားပေး ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်သားအင်အားကို စနစ်တကျနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေး အမှန်တကယ် အလုပ်လိုအပ်သူများကို ကောင်းမွန်သင့်လျော်သည့် လုပ်ငန်းခွင်များတွင် နေရာချထားပေးနိုင်ရေး စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည် ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းနိုင်ရေးနှင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးတို့သည် နိုင်ငံအတွက်အဓိကထားဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး ပြည်တွင်းပြည်ပကုမ္ပဏီ ၆၂ ခုမှ ပြခန်းပေါင်း ၁၀၀ ပြထားပြီး အလုပ် လာရောက်လျှောက်ထားသူ ၁၀၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ကျင်းပသည့် သတ္တမအကြိမ်မြောက် မြန်မာ့အလုပ်အကိုင်ပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

# အနည်းဆုံးလုပ်ခ ကျပ် ၄၀၀၀ တောင်းဆိုသော အလုပ်သမားများ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် ကျပ် ၃၆၀၀ ကို အများစုကလက်ခံခဲ့

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်ကနောင်ခန်းမတွင် ဇူလိုင် ၂၆ ရက် နံက် ၁၀ နာရီခွဲက အခကြေးငွေဆိုင်ရာ သတ်မှတ်နိုင်ရေးဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နှင့် အလုပ်သမားအများစုက ငွေကျပ် ၃၆၀၀ ကို လက်ခံခဲ့ကြပြီး အနည်းစုသာ ကန့်ကွက်ခဲ့ကြောင်း အဆိုပါတွေ့ဆုံဆွေးနွေးပွဲအရသိရသည်။



ယမန်နေ့က အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ တိုင်းဒေသကြီးကော်မတီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော စိစစ်ရေးအဖွဲ့ ကိုးဦးနှင့်အနည်းဆုံး အခကြေးငွေကျပ် ၃၆၀၀ ကို ကန့်ကွက်သောစက်မှုဇုန် (၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ (၇)နှင့် ရွှေသံလွင်၊ အနော်ရထာ၊ ဝါဝါဝင်း စက်မှုဇုန်တို့မှလုပ်ငန်းရှင်တို့နှင့် တွေ့ဆုံခဲ့ပြီးဆွေးနွေးညှိနှိုင်းခဲ့ရာအများစုလက်ခံသော ရလဒ်အဖြေထွက်ရှိခဲ့ကာ ယနေ့တွင် ငွေကျပ်၄၀၀၀ တောင်းဆိုသော စက်ရုံများမှ အလုပ်သမားအဖွဲ့အစည်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အများစုက အနည်းဆုံးအခကြေးငွေ ကျပ် ၃၆၀၀ ကို အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်ရေရှည်အကျိုးကို ကြည့်၍ လက်ခံသော ရလဒ်ကောင်းများဖြင့် ဆွေးနွေးညှိနှိုင်းမှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာတိုင်းဒေသကြီးကော်မတီ၊ မြောက်ပိုင်းခရိုင်စိစစ်ရေးအဖွဲ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်း၊ တိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ တိုင်းရင်းသားရေးဝန်ကြီး (ရခိုင်) ဦးဇော်အေးမောင်၊ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)ဦးမျိုးအောင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရှိန်၊ CTUM အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးခိုင်မြင့်၊ လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းမြင့်ဦး၊ မြို့နယ်ဖိနပ်လုပ်ငန်း အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားကိုယ်စားလှယ်ဦးကျော်ဇေယျတို့က (ပုံ)တက်ရောက်သောအလုပ်သမား ခေါင်းဆောင်များ၏ မေးမြန်းချက်တို့ကို ပြန်လည်ဆွေးနွေးရှင်းလင်းရာအလုပ်သမားခေါင်းဆောင်အချို့ ငွေကျပ် ၄၀၀၀ ကိုလိုလားသော်လည်း လက်ရှိအလုပ်သမားထု၏ ရင်တွင်းဆန္ဒကို နားလည်ထားသော အလုပ်သမားခေါင်းဆောင်များကအနည်းဆုံးအခကြေးငွေကျပ် ၃၆၀၀ ကို လက်ခံခဲ့ကြောင်းသိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

■ *ကျောဖုံးမှ*

ကို အကဲစမ်းတွင် ဟန်ချက်ပျက်သွားသော ဆိုင်းရပ်စ်ကို တူးတူး ဘယ်၊ ညာဝိုက်လက်သီး၊ တံတောင်တိုက်ချက်တို့ဖြင့် တရစပ်တိုက်ခိုက်မှုကြောင့် ဆိုင်းရပ်စ် ညာဘက် မျက်စိ အထိနာခဲ့ကာ ပိတ်လုမတတ်ဖြစ်ခဲ့ပြီး ငါးချီမြောက်တွင် ဆိုင်းရပ်စ် တူးတူး ဘယ်ဝိုက်လက်သီးချက်ဖြင့် အထိနာကာ ကြမ်းပြင်ပေါ်သို့ လဲအကျတွင် ဆိုင်းရပ်စ်က အနားတောင်းရာ ဒိုင်ကခွင့်ပြုခဲ့၍ ပရိသတ်များ မကျေမနပ် ဖြစ်ကာ ခဏတာ ပွဲဆူမှုဖြစ်ခဲ့သည်။ တူးတူး၏ နည်းပြကလည်း ရိုးရာလက်ဝှေ့ စည်းကမ်းတွင် ငါးချီယှဉ်ပြိုင်ထိုးသတ်ရာ၌ နောက်ဆုံးအချီတွင် အနားပေးပိုင် ခွင့်မရှိကြောင်း၊ ဒိုင်အနေဖြင့် ပြိုင်ဘက်တောင်းတိုင်း ခွင့်မပြုသင့်ကြောင်း ကန့်ကွက်စကားများပြောကာ ခဏတာ အချေအတင်ဖြင့် အငြင်းပွားခဲ့သည်။ နောက်ဆုံးတွင် တူးတူး(မြန်မာ)က ဆိုင်းရပ်စ်(အမေရိကန်)ကို အသားစီးဖြင့် ယှဉ်ပြိုင်ထိုးသတ်ကာ သရေဖြင့် ကျေနပ်ခဲ့ရသည်။

ဒုတိယပွဲကြီးပွဲကောင်းဖြစ်သည့် တစ်ကျော့ပြန် ဝါးရင်းတုတ် ဖိုးကေ (T & T)နှင့် မကြာသေးမီက MMA လိုက်ဝိတ်တန်းချန်ပီယံဖြစ်ခဲ့သည့် သွေးသစ်အောင်(နဂါးနီ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ သွေးသစ်အောင်က ပထမအချီမှာပင် ပင့်လက်သီး၊ ဝိုက်လက်သီး၊ ခြေအမြောက်ကန်ချက်တို့ဖြင့် တရစပ် တိုက်ခိုက်မှုကြောင့် ဖိုးကေ အကြိမ်ကြိမ်လဲပြိုခဲ့ပြီး ပထမအချီမှာပင် အနားတောင်းခဲ့ရသည်။ ယင်းနောက် ဒုတိယအချီ ၁ မိနစ် ၁၇ စက္ကန့်တွင် သွေးသစ်အောင်၏ ညာဝိုက်လက်သီးချက်ဖြင့် အထိနာခဲ့ကာ ဖိုးကေ ကြမ်းပြင်နှင့် မိတ်ဆက်ပြီး ပြန်မထနိုင်တော့၍ အရှုံးပေးခဲ့ရသည်။

ကျန်ပွဲများဖြစ်သည့် ငါးချီစိန်ခေါ်ပွဲတွင် တစ်သစ်စလက်ဝှေ့ကျော် ရှမ်းကို (T & T)နှင့် ကျားပေါက် (ရွှေသောင်ရင်း)တို့ပွဲတွင် ပထမအချီမှာပင် ရှမ်းကို၏ ဘယ်ခြေကန်ချက်ဖြင့် အနားတောင်းခဲ့ရသော ကျားပေါက် ပွဲပြန်တည်မှာလည်း ခြေကန်ချက်ကောင်းမွန်လှသည့် ရှမ်းကို၏ ခြေကန်ချက်ကြောင့် အထိနာခဲ့ကာ အရှုံးပေးခဲ့ရသည်။ ရာမာဉ်(နဂါးမာန်)နှင့် ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)၊ အားမာန်(အဖြူရောင်သွေးသစ်)နှင့် အောင်ပိုင်လေး (ရွှေသောင်ရင်း)တို့ပွဲများသည်လည်း သရေဖြင့် ကျေနပ်ခဲ့ရသည်။

လေးချီစိန်ခေါ်ပွဲများဖြစ်သည့် ထွန်းလွင်မိုး (နဂါးမာန်)နှင့် ပြည့်ဖြိုးအောင် (မြွေဟောက်မင်း)တို့ပွဲတွင် ထွန်းလွင်မိုးက တတိယအချီ ၂ မိနစ်၂၅ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ကျားဘဟိန်း(အလင်းရောင်)နှင့် ထွန်းငယ် (မြွေဟောက်မင်း)တို့ပွဲတွင် ပထမအချီမှာပင် ကျားဘဟိန်းက အလဲထိုးဖြင့် ပွဲဖြတ်အနိုင်ယူခဲ့သည်။ **သတင်းမြင်ကွင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အလယ်ပိုင်းဒေသများ မိုးဆက်လက်ပိုမည်

**နေပြည်တော် ဇူလိုင် ၂၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ အမ်းမြို့တွင် ၈ ဒသမ ၃၄လက်မ၊ မောင်တောမြို့တွင် ၇ ဒသမ ၅၂ လက်မ၊ စစ်တွေမြို့နှင့် မြောက်ဦးမြို့တို့တွင် ၆ ဒသမ ၈၉ လက်မ၊ ကျောက်တော်မြို့တွင် ၆ ဒသမ ၅၀လက်မ၊ ပလက်ဝမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၈၄ လက်မ၊ ပေါင်မြို့တို့တွင် ၄ ဒသမ ၆၅ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၆၀ လက်မ၊ တောင်ကုတ်မြို့ တွင် ၄ ဒသမ ၄၉ လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၁၇လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ကျောက်ထုမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၅၄ လက်မစီနှင့်ရန်ကုန်(မြို့ လယ်) တွင် ၃ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

❀ *ကျောဖုံးမှ*

ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)သည် ငမိုးရိပ်ချောင်းကိုဖြတ်ကာ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် တံတားဖြစ်သည်။ ယခင်သံပေါင်တံတားဟောင်းနှင့် အပြိုင်တည်ဆောက်ထားခြင်းဖြစ်ကာ ပင်မတံတားအရှည် ၃၀၅ မီတာ၊ ချဉ်းကပ်လမ်း တစ်ဖက် ပေ ၅၀ စီရှိပြီး စုစုပေါင်းတံတားအရှည်မှာ ၄၀၅ မီတာနှင့် အကျယ်မှာ ၁၁ ဒသမ ၅ မီတာရှိမည်ဖြစ်သည်။ တံတား၏ ရေလမ်းကင်းလွတ်ခွင့်အမြင့်မှာ ၁၆ ပေ၊ ၅လက်မ၊ လူသွားလမ်းအကျယ် ၃ မီတာနှင့် ခွင့်ပြုတန်ချိန် ၅၀ ခွင့်ပြုထားပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါတံတားကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အသုံးစရိတ် လျာထား ငွေကျပ် ၅ ဒသမ ၉ ဘီလီယံ လျာထားခဲ့သည်။

"ဒီနေ့ကစပြီး အမြန်ယာဉ်တွေဖြစ်တဲ့ လိုင်းကားတွေ၊ အငှားယာဉ်တွေ စတင်ဖြတ်သန်း သွားလာလို့ရပါပြီ။ ဟိုဘက်ယာဉ်လမ်းတိုင်းသွားနေတဲ့ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွကားတွေလည်း နောက်ဆို ဒီတံတားပေါ်က ဖြတ်ကြမှာပါ။ ဒီနေ့တော့ လိုင်းကားတွေအနေနဲ့ မသိကြသေးလို့ ဒီအတိုင်းမဖြတ်သေးတာဖြစ်မယ်။ တံတားရဲ့ ဟိုဘတ်ထိပ် ဒီဘက်ထိပ် လမ်းဆုံတွေမှာလည်း ယာဉ်အန္တရာယ်ကင်းအောင် မီးပွိုင့်တွေတပ်ပေးထားပါတယ်။ အနှေးယာဉ်တွေဖြစ်တဲ့ ဆိုင်ကယ်၊ ဆိုက်ကားနှင့် စက်ဘီးတွေကတော့ ဘေးချင်းကပ်လျက် အရင်တံတား ဟောင်းကပဲ ဖြတ်သန်းသွားလာခွင့်ပြုမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတား)ဌာနမှ လက်ထောက်ဌာနမှူး ဦးကျင်အုန်းက ပြောသည်။

ယခုတည်ဆောက်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)သည် ဂျပန်ခေတ်က တည်ဆောက်ခဲ့သည့် ယခင်မူလတံတားဟောင်းနှင့် ၈ ဒသမ ၅ မီတာအကွာတွင် တည်ဆောက်ထားပြီး ယင်းတံတားဖြတ်သန်းသွားလာခွင့်ပြုပြီးပါက မူလဂျပန်ခေတ်က တံတားဟောင်းကို ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားနှင့် လူသွားလမ်းအနေဖြင့်သာ ပြည်သူများသွားလာမှု အဆင်ပြေစေရန် ဆက်လက်ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ ယခုဖွင့်လှစ်လိုက်သည့် တံတားသစ်ကြောင့် သာကေတ၊ ဒေါပုံ၊ သဃ်န်းကျွန်းနှင့် တာမွေမြို့နယ်များအတွင်း ကူးလူးသွားလာသည့်ယာဉ်များ အထိုက်အလျောက် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်မည်ဖြစ်သည်။

"ဒီငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်)ပြီးတော့ ကျွန်တော်တို့အတွက် အဆင်ပြေသွားတယ်ဗျ။ အရင်ကဆို တာမွေကနေ သာကေတဘက်ကို ခရီးသည်ပို့ရင် ဟိုသုဝဏ္ဏဘက်က လှည့်သွားနေရတာ။ ခုတော့ မသွားရတော့ဘူး။ အချိန်ကုန်သက်သာသလို ယာဉ်ကြောကျပ်တည်းမှု ဒဏ်လည်း မခံရတော့ဘူး"ဟု အငှားယာဉ်မောင်း ကိုချမ်းမြေ့က ဆိုသည်။

# အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်းရေဘေးကယ်ဆယ်ရေးအတွက် ငွေလှူဒါန်း

**ကန့်ဘလူ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်နှင့်ကသာခရိုင် အတွင်းရှိ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဝယ်ယူရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၂၅ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်ငါးသိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်းတို့ကို ဇူလိုင် ၂၅ ရက်က လှူဒါန်းပေးအပ်ခဲ့ရာ ကန့်ဘလူမြို့နယ် ကယ်ဆယ်ရေးပစ္စည်းအလှူလက်ခံဌာနက အလှူငွေများအားလက်ခံပြီး ရေဘေးကယ်ဆယ်ရေးပစ္စည်းများ အမြန်ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူမြို့နယ် သင်ပန်းတောကျေးရွာ တေဇိန္ဒသာသနာ့ကျောင်းအတွင်းရှိ ခမ္မာရုံ၌ သင်ပန်းတောကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ထောက်ပံ့လှူဒါန်းငွေကျပ် ၆၁၄၅၀၀ တန်ဖိုးရှိ ခြင်ထောင်၊ အိပ်ရာခင်း၊ လက်နှိပ် ဓာတ်မီး၊ ဓာတ်ခဲ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ အချိုရည်ဘူး၊ ချိုချဉ်နှင့် ဘီစကစ်မုန့်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ကောလင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေစဉ်။
ဓာတ်ပုံ - အောင်ကျော်စိုး(ပြန်/ဆက်)

# ရေကြီးရေလျှံမှုကြောင့် မော်လူး၌ အများပြည်သူသုံး သဘာဝစိမ့်စမ်းရေကန် ပျက်စီး သောက်သုံးရေအမြန်ဆုံးရရှိရေး ဆောင်ရွက်လျက်ရှိ

**မော်လူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ် မော်လူး၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟဲနုချောင်း ရေကြီးရေလျှံမှုဖြစ်ပြီး ယင်းချောင်းကို အမှီပြုကာ ကျောက်ဆည် သဘာဝသောက်သုံးရေကန်သည် ပျက်စီးခဲ့သဖြင့် ဇူလိုင် ၂၅ ရက်က စတင်ကာ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်တွင် ဒေသခံပြည်သူများထံ သဘာဝသောက်သုံးရေ ရရှိမှု အခက်အခဲကို ပြန်လည်ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်သဘာဝ ချောင်းရေကို အမှီပြုကာ အသုံးပြုလျက်ရှိသော မော်လူး၌ ရပ်ကွက်ပေါင်း ခြောက်ရပ်ကွက်နှင့် ဟဲနုကျေးရွာ၊ အုန်းဒုတ်ကျေးရွာ၊ မင်းသာကျေးရွာ၊ မန်ကျည်းကုန်းကျေးရွာများမှ ရေသုံးစွဲသူ ရေတိုင်ပေါင်း ၇၂၀ နှင့် အများသုံးရေတိုင်အပါအဝင် အဆိုပါ ရေတိုင်ကို အမှီပြုကာ ရေသုံးစွဲသူ အိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်ခန့်က နေ့စဉ်သုံးစွဲလျက်ရှိသည်။ ဇူလိုင် ၂၄ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုဖြစ်ပြီး ဟဲနုချောင်းဖျားမှ စီးဆင်းလာသော သဘာဝချောင်းရေကို အမှီပြုကာ ယင်းချောင်းအတွင်းမှ သွယ်ယူလျက် ကျောက်စီ ရေစစ်ကန်နှင့် အလျားပေ ၂၀၊ အနံ ၁၅ ပေရှိသော ရေကြည်ကန်၏ အမိုးအကာများမှာ ရေစီးနှင့်အတူ မျောပါခဲ့သောကြောင့် ရေပေးဝေရေး ပြတ်တောက်ခဲ့သဖြင့် ရေသုံးစွဲမှုအခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။

**ညိုမင်းထက်(မြန်မာစာ)**



# ကောလင်းမြို့နယ် ကျေးရွာဒေသခံများ နေရပ်ပြန်

**ကောလင်း ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာများ ရေလွှမ်းမှုဖြစ်ပေါ်ရာ ယခုအခါ ရေဝင်ကျေးရွာအချို့တွင် ရေများ လျော့နည်းပြီး မိမိတို့အရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြပြီဖြစ်သည်။

ရေများ ကျဆင်း၍ နေရပ်ပြန်သူများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင် ဦးဆောင်သောအဖွဲ့က ဇူလိုင် ၂၅ ရက်တွင် ကျောက်ကာရွာ၊ မြောင်းကြီးရွာ၊ တာရွာ၊ လှည်းပွဲရွာများအတွင်းရှိ စက်ခံရေတွင်းရေကန် ၆၉ တွင်းကို ဆေးခတ်ခြင်း၊ ကျန်းမာရေးနှင့် သက်ဆိုင်သောလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦး ဦးဆောင်သောအဖွဲ့သည် ဝါးရုံ ခုံရွာ၊ ဆီဆုံရွာ၊ ကသစ်ကုန်းရွာ၊ လက်ပန်ရှိုရွာ၊ အင်ပင်သာရွာ၊ ကပ္ပလူးရွာ၊ ဇီးကုန်းရွာ၊ စစ်တောရွာ၊ ထဲထီးသျှိုရွာများ၌ ရေတွင်း ရေကန် ၇၅ တွင်းကို ဆေးခတ်ခြင်း၊ ကျန်းမာရေးနှင့် သက်ဆိုင်သော လုပ်ငန်းစစ်ဆေးဆောင်ရွက်ခြင်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သန်းနှင့် အဖွဲ့ကလည်း ကောလင်းမြို့နယ်ရှိ အင်ပင်သာကျေးရွာအုပ်စုအတွင်း ရေဘေးသင့်ပြည်သူများထံသို့ စက်လှေများဖြင့် သွားရောက်၍ စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးသည် အင်ပင်သာကျေးရွာအုပ်စု ကသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှရုံ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ပျက်စီးဆုံးရှုံးသော လယ်ယာမြေများကို ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့နယ်ဆရာဝန် ဒေါက်တာ ခင်မောင်သန်းက ကျန်းမာရေး အသိပညာပေးဟောပြောပြီး ဒေသခံပြည်သူများကို စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စဉ့်ကူးမြို့နယ်၌ စိုက်ခင်းသီးနှံများ ရေလွှမ်း

**စဉ့်ကူး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ မိုးရေချိန် ၁၀ ဒသမ ၄၈ လက်မထိ ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ သီးနှံစိုက်ခင်းများ ရေလွှမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ရပ်ကွက်/ကျေးရွာအုပ်စုခြောက်အုပ်စုနှင့် ကွင်းကိုးကွင်းမှ တောင်သူ ၂၀၃ ဦးပိုင် သီးနှံစိုက်ခင်းများ ရေလွှမ်းခဲ့ရာ ရပ်ကွက်(၁)မှ မနောသုခမိုးစပါးပျိုးခင်း ၄၅ ဧက၊ ရပ်ကွက်(၂)မှ မနောသုခ မိုးစပါးပျိုးခင်း ဧက ၆၀၊ ရှောက်ပင်ရိုးကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၇၄ ဧက၊ ငပြင်းအင်းကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၁၆ ဧက၊ ခူလယ်ကျေးရွာအုပ်စုမှ မနောသုခ မိုးစပါးပျိုးခင်း ၉၂ ဧက၊ ဝါးရုံကုန်းကျေးရွာအုပ်စုမှ မနောသုခမိုးစပါးပျိုးခင်း ဧက ၁၂၀ နှင့် စိုက်ခင်း ၄၅ ဧက ရေလွှမ်းခဲ့သည်။

ထိုသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးပျိုးခင်း ၄၀၇ ဧကနှင့် မိုးစပါးစိုက်ခင်း ၄၅ ဧက စုစုပေါင်း ၄၅၂ ဧကကို ရေလွှမ်းခဲ့မှုအပေါ် ပျိုးခင်းများ ပျက်စီးဆုံးရှုံးမှုရှိပါက မျိုးများအလုံအလောက် အရန်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**သဲကုန်း ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ဇူလိုင် ၂၁ ရက်က သဲကုန်းမြို့နယ် သစ်ပုတ်ထောင်ကျေးရွာ အလကကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ခံ ဦးအောင်သိန်းက စားသုံးရန် မသင့်သော အစားအစာများအကြောင်းကို ဟောပြောခဲ့ကြသည်။ အလားတူ ဇူလိုင် ၂၂ ရက်ကလည်း အထက်တန်းကျောင်း မုန့်ဈေးတန်း၌ ရက်လွန်မုန့်များ၊ ဆိုးဆေးပါဝင်သော မုန့်များ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# စိုက်ပျိုးရေးသုတေသနစပါးပင်များ မိုးဒဏ်ခံရသော်လည်း ရှင်သန်အောင်မြင်

**မိုးညှင်း ဇူလိုင် ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၁၁ ရက်ကြာ မိုးရွာသွန်းသော်လည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) မိုးညှင်းသုတေသနစိုက်ပျိုးရေးခြံ၌ အထူးစိုက်ပျိုးထားသော ဆင်းဧကရီ-၃ မျိုးစေ့ထုတ်၊ မျိုးသန့်၊ မျိုးပွား၊ စပါးပင်များ၊ ရေဆင်းပုလဲသွယ်(၃) စပ်မျိုးစပါးပင်များ၊ ဒေသနှင့်သင့်လျော်သည့် အရည်အသွေးကောင်းစပါးများ စိုက်ပျိုးထားသည့် စပါးပင်များမှာ စိမ်းစိုအောင်မြင်နေသည်ကို ဇူလိုင် ၂၄ ရက်က မြင်တွေ့ရသည်။ **(ယာပုံ)**

စိုက်ပျိုးရေးသုတေသနတာဝန်ရှိသူအား ခြံအတွင်းစိုက်ပျိုးထားခြင်း အခြေအနေကို မေးမြန်းရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မိုးညှင်းခြံ၌ ၂၀၁၅-၂၀၁၆ စပါးစိုက်ပျိုးရာသီတွင် ဆင်းဧကရီ-၃ မိဘမျိုးစေ့ (BS) ဒသမ ၁၀ ဧက၊ ဆင့်ပွားမျိုးစေ့ (FS) ၁ ဒသမ ၂၀ ဧက၊ မျိုးသန့်မျိုးပွားစေ့ (RS) ၃၄ ဒသမ ၇၀ ဧက၊ ရေဆင်းပုလဲ သွယ် (၃) စပ်မျိုးစပါး မျိုးစေ့ထုတ် သုတေသနပြုခြင်း နှစ်ဧက၊ ဒေသနှင့် သင့်လျော်သည့် အရည်အသွေးကောင်း စပါးမျိုးများ စမ်းသပ်ဖော်ထုတ်ခြင်း လေးဧက စိုက်ပျိုးထားကြောင်း သုတေသနခြံမန်နေဂျာ ဦးမြင့်သောင်း(စိုက်/သု) က ရှင်းလင်းပြောပြသည်။

**(ဝဇ၃)**



# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်



**နေပြည်တော် ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဝေါလေမြို့နယ် (ခွဲ) သေဘောဘိုးကျေးရွာရှိ တပ်မတော်စစ်ကြောင်းထံသို့ ဇူလိုင် ၂၅ ရက် ညနေပိုင်းတွင် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ ခွဲထွက်လာသည့် စောခိုင်ခေါင်းဆောင်သောတပ်ဖွဲ့ဝင် ၁၇ ဦးသည် လက်နက်မျိုးစုံ ၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၂၄ ခု၊ ကျည်မျိုးစုံ ၄၀၇ တောင့်၊ ဗုံးသီးမျိုးစုံ ကိုးလုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ တပ်မတော်စစ်ကြောင်းများအား ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သောအဖွဲ့က စတင်ပစ်ခတ်ခဲ့ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF) ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများကြောင့် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့၏ ကိုယ်ကျိုးစီးပွားအတွက် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများအား ဖော်ထုတ်သိရှိရခြင်းဖြစ်ကြောင်းနှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လူနေရပ်ကွက်များအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းအပေါ် ၎င်းတို့အဖွဲ့အတွင်း သဘောထားကွဲလွဲပြီး ပြိုကွဲလျက်ရှိကြောင်း၊ ၎င်းတို့၏ မင်းမဲ့စရိုက် ဆန်ဆန် ဆက်လက် ဆောင်ရွက်နေမှုများအပေါ် ကြိုက်နှစ်သက်ခြင်း မရှိသည့်အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်များကို သိရှိလာခြင်းကြောင့် တာအုပ်ကျေးရွာရှိ စောလားပွယ်ခေါင်းဆောင်သော ကေကေအိုအဖွဲ့၏ ဆက်သွယ်ကူညီမှုဖြင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ထံမှ လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာ၏အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများတွင် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့ အကြွင်းအကျန်များ ခိုအောင်းမှုမရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ ၎င်းအဖွဲ့များနှင့် တိုက်ပွဲသုံးကြိမ်ဖြစ်ပွားပြီး ၎င်းတို့ထံမှ အလောင်းတစ်လောင်း၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ဗုံးသီး ၁၈ လုံး၊ မိုင်းမျိုးစုံ ၁၃ လုံး၊ ကျည်မျိုးစုံ ၇၈ တောင့်နှင့် ကျည်အိမ်နှစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ပျားပင်ကျေးရွာအနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းက ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက နယ်မြေရှင်းလင်းစဉ် မသင်္ကာဖွယ်ရာ အရပ်ဝတ်ဖြင့် လူသုံးဦးအား စစ်ဆေးရာမှ ၎င်းတို့မှာ ကေကေအိုအဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦးဖြစ်ပြီး လက်ပစ်ဗုံးတစ်လုံးနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကောင်းမူကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၂၅၀၀ ခန့် ကွာဝေးသည့် တောင်ကြောတစ်ဝိုက်တွင် သိမ်းဆည်းထားသည့် အမ်-၁၆ သေနတ်နှစ်လက်၊ ၎င်းကျည် ၁၂၅ တောင့်၊ ကျည်အိမ်လေးခု၊ ကာဘိုင် သေနတ်တစ်လက်၊ ၎င်းကျည် ၅၂ တောင့်နှင့် ကျည်အိမ်သုံးခုတို့အားလည်းကောင်း၊ ဒူရိမ်ကျေးရွာ၌ အမ်-၁၆ သေနတ်တစ်လက်၊ ၎င်းကျည် ကိုးတောင့်၊ ကျည်အိမ်တစ်ခု၊ ကာဘိုင်သေနတ်တစ်လက်၊ ၎င်းကျည် ၈၅ တောင့်၊ ကျည်အိမ် သုံးခု၊ ဗုံးသီးနှစ်လုံးနှင့် ယမ်းကြိုး (ဒီတိုနေတာနှင့်တွဲလျက်) နှစ်ခွေတို့အား လည်းကောင်း သိမ်းဆည်းရမိသည်။



ကော့ကရိတ်မြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်(BGF) တို့က နယ်မြေရှင်းလင်းခဲ့စဉ် ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်အဖွဲ့ထံမှ လက်နက်မျိုးစုံ ၁၂ လက်၊ ဗုံးသီးအလုံး ၂၀၊ မိုင်းမျိုးစုံ ၁၃ လုံး၊ ကျည်မျိုးစုံ ၃၄၉ တောင့်၊ လက်ပစ်ဗုံးတစ်လုံးနှင့် ယမ်းကြိုး (ဒီတိုနေတာတွဲလျက်) နှစ်ခွေတို့ သိမ်းဆည်းရမိခဲ့ပြီး နယ်မြေလုံခြုံရေးအတွက် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်တပ်(BGF) တို့က ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ရထားသံလမ်း/တံတားများ ရေလွှမ်းမိုးတိုက်စားမှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၆**

လားရှိုး-မန္တလေးရထားလမ်းပိုင်းတွင် ဇူလိုင် ၂၅ ရက်က ရေလွှမ်းမိုးတိုက်စားမှုကြောင့် သီပေါ-တာပုလဲအကြား မိုင်တိုင် (၅၀၉/၁၃-၁၄)ရှိ တံတားအမှတ် ၃၉၁ ၏ ရေလယ်တိုင်အမှတ်(၃) အနည်းငယ်တိမ်းစောင်းသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ဇူလိုင် ၂၆ ရက်က လားရှိုး-မန္တလေး ၁၃၂ အစုန်ရထား ခရီးစဉ်ဖျက်သိမ်းခဲ့ရသည်။ သီပေါ-တာပုလဲရထားလမ်းပိုင်းအား ခေတ္တပိတ်ထားပြီး တံတားပြုပြင်ရေးလုပ်ငန်းများကို မြန်မာ့မီးရထားမှ တိုင်း(၃) အင်ဂျင်နီယာမှူးဦးစီးပြီး လုပ်သား ၆၅ ဦးတို့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ထိုလမ်းပိုင်းအား ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ညရက်အထိ ၁၀ ရက်ခန့်ပိတ်၍ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေး-သီပေါ ရထားခရီးစဉ်ကို ဆက်လက်ပြေးဆွဲပေးလျက်ရှိသည်။

အလားတူ ရေဦးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် အင်းပက်နှင့်မြစ်တော်အကြား မိုင်တိုင် (၅၂၁/၁-၂ ) ရှိ တံတားအမှတ် (၁၀၆) ၏ ခင်ဦးဘက်ခြမ်း ရေတိုက်စားပြီး မိုင်တိုင် (၅၂၁/၁၀-၁၈) တွင်ရထားသံလမ်းပေါ်သို့ ၁၀ လက်မခန့် ရေကျော်တက်ရောက်ခဲ့သဖြင့် အင်းပက်-မြစ်တော်ရထားလမ်းပိုင်းကို ပိတ်ထားပြီး အဆိုပါနေရာသို့ အင်ဂျင်နီယာအဖွဲ့ရောက်ရှိပြီး ပြုပြင်ဆောင်ရွက်ရန်အတွက် စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၆ စင်တီမီတာ တစ်ပေခန့်တွင် ရောက်ရှိနေပါသည်။

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။ **မိုး/ဇလ**


**မန္တလေးတိုင်းဒေသကြီး ဂရန်တွင် ပုသိမ်ကြီးမြို့နယ်၊**
**လက်ရှိအခေါ်ပြည်ကြီးတံခွန်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်တွင်**
**မြေကွက်အမှတ် (ဠ-၈/၉၅)၊ (ဂ)ရပ်ကွက်၊ ၆၄ လမ်းနှင့် ၆၅လမ်းကြား၊**
**ကျန်စစ်သားလမ်းတောင်ဘက် ပေအကျယ် ပေ(၄၀×၆၀)၊**
**ဧရိယာ ဝဒသမ ဝ၅၅ဧကရှိ ဒေါ်ကြည်ကြည်စိန် AE-၀၇၆၄၆၂**
**(ဘ)ဦးသုခ အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ပတ်သက်၍**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ပါမြေကွက်နှင့်ပတ်သက်၍ နှစ် ၃၀ ဂရန်အမည်ပေါက် ဒေါ်ကြည်ကြည်စိန်ထံမှ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်မွန်(ဘ)ဦးစံတင် ၉/မရမ(နိုင်)၀၁၄၀၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အက်စတာမြတ်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)**
**LL.B, D.B.L, C.B.L, WIPO, GCIP(Geneva), F.B.S**
**D.B.S.P, A.P.S,**
**တိုက် ၁၂၊ ၅(A)၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၈၂၁၈၇**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၆၅၄၇၅ Kawasakileo(AS 120)M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ဦး ၅/ရဥန(နိုင်)၀၇၁၂၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်း မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၆/ဒီ ? )၊ မြေကွက်အမှတ် (ဗွီ - ၂၆) အဆောက်အအုံအမှတ် (၂၀၃) ဦးအောင်မြင့် အမည်ပေါက် အဆောက်အအုံမှ အခန်း (၄လွှာ) (အဆောက်အဦးအား မျက်နှာမူ၍ ကြည့်လျှင် ဝဲဘက်ခြမ်း) အား ဒေါ်သန်းသန်းဌေး (ခ)မဟာဇီနံ (၁၂/မဂတ (နိုင်) ၀၃၄၉၈၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm**

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆



**အလိုရှိသည်**

ကြိုးတံတား တည်ဆောက်နိုင်မည့် Supervisor (ပညာရှင်) အလိုရှိသည်။

**ဖုန်း-၀၉-၄၉၈၁၈၆၇၉၊ ၀၉-၄၉၈၁၈၈၈၃**



**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စံပါယ်လမ်း၊**
**တိုက်အမှတ်၁၂၅၉၏ မြေညီထပ်(ခြေရင်းခန်း)နှင့်စပ်လျဉ်း၍**

**အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါ တိုက်ခန်းနှင့် ယင်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်မိုးညွန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီး ဆက်လက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ထိခိုက်နစ်နာသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဆက်လက်အရောင်းအဝယ်ပြုလိမ့်မည်ဖြစ်ပါကြောင်း။

| | |
|---|---|
| **ရုံး-အမှတ် ၁၄၂/၁၄၄၊ သုံးလွှာ(ယာ)** | **(ရန်ကုန်) ဦးမောင်မောင်** |
| **လမ်း ၄၀(အောက်)၊ ကျောက်တံတားမြို့နယ်၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ရန်ကုန်မြို့** | **(စဉ်-၃၄၇၃)** |
| | **ဝယ်ယူသူ၏ရှေ့နေ** |


**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များဝင်ရောက်မှု တိုးတက်စေရန် ပုဂံဒေသအား ခရီးသွားမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၆**

အာဆီယံဒေသတွင်းနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံဒေသအသီးသီးမှ ခရီးသွားလုပ်ငန်းမြှင့်တင်မှုများဆောင်ရွက်လျက်ရှိနေပြီး မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ခရီးသွားများအား ဆွဲဆောင်နိုင်ရန်ခရီးသွားမြှင့်တင်မှုလုပ်ငန်းများကို ရှေ့ပြေးစီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှကြီးကြပ်၍ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှကြီးကြပ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များပါဝင်ကာ နိုင်ငံတကာခရီးသွားပြပွဲများသို့ သွားရောက်ပါဝင်ပြသခြင်း၊ ပြည်ပမီဒီယာများတွင် အခါအားလျော်စွာ မြှင့်တင်ကြော်ငြာပေးခြင်း၊ နိုင်ငံခြားမှရိုက်ကူးရေးအဖွဲ့များ လာရောက်၍ မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို ရိုက်ကူးကာ ရုပ်သံလွှင့်ဌာနများမှတစ်ဆင့် မြန်မာနိုင်ငံအကြောင်း ကြော်ငြာလွှင့်တင်ပေးခြင်း၊ ပြည်ပမှဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ မီဒီယာများပါဝင်သည့်လေ့လာရေးခရီးစဉ်များ ဖိတ်ကြား၍ကြော်ငြာခြင်း၊ ပြည်ပမြန်မာသံရုံးများမှတစ်ဆင့် ခရီးသွားမြှင့်တင်မှုလက်ကမ်းစာစောင်များ၊ စီဒီ၊ ဒီဗွီဒီများကို ဖြန့်ဝေပေးခြင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မိတ်ဖက်အဖွဲ့အစည်းများမှ ကမ်းလှမ်းလာသော လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲရေးဆိုင်ရာ စီမံကိန်းများကိုလည်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ကမ်းလှမ်းဆောင်ရွက်လျက်ရှိသောစီမံကိန်းမှာ စီမံကိန်း ၁၂ ခုရှိသည့်အနက် JICA မှ စီစဉ်ဆောင်ရွက်လျက်ရှိသော ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရှေ့ပြေးပုံစံ တည်ဆောက်ရေးစီမံကိန်းဖြစ်သည်။

ပုဂံဒေသသည် ခရီးသွားအရင်းအမြစ်ဖြစ်သော ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းမြို့များနှင့် ရိုးရာယဉ်ကျေးမှုများ ပေါကြွယ်ဝသည့်အတွက် ပုဂံဒေသကိုစံနမူနာပြု၍ ပုဂံဒေသတွင် ပိုမိုကောင်းမွန်သော ခရီးသွားဧည့်ကြိုစနစ်၊ အခြေခံအဆောက်အအုံတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ



ဖွံ့ဖြိုးတိုးတက်မှုပြည့်မီစေရေးအတွက် မြန်မာအစိုးရ၏တောင်းဆိုမှုဖြင့် ဂျပန်နိုင်ငံမှ JICA ကျွမ်းကျင်အဖွဲ့များဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

ပုဂံဒေသအတွက် ဧည့်သည်အဝင်နည်းပါးသည့် ရာသီများတွင်ဒေသဆိုင်ရာ ရိုးရာပွဲတော်များပြုလုပ်ပြီး နိုင်ငံတကာကို ဖိတ်ခေါ်ပြသရန် လျာထားကြောင်း၊ ဂျပန်၌ကျင်းပမည့် JATA ခရီးသွားပြပွဲတွင် အလျဉ်းသင့်လျှင် ပုဂံဒေသကိုယ်စားပြုပြခန်းသွားရောက်ဖွင့်လှစ်ပြသရန် စီစဉ်ထားကြောင်း၊ JATA ခရီးသွားပြပွဲကို စက်တင်ဘာလတွင်ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များ စုစည်းပြီး မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ ပြသသွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို နိုင်ငံတကာမှစိတ်ဝင်စားလျက်ရှိနေပြီး ခရီးသွားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရာတွင် ပိုမိုမြှင့်တင်သွားနိုင်ရန်အတွက်လည်း နိုင်ငံတော်က ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှဦးဆောင်၍ နိုင်ငံတကာ ခရီးသွားလုပ်ငန်းပြပွဲများတွင် ခရီးသွားလုပ်ငန်းပြခန်းများ ခုနစ်ကြိမ် ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

ခရီးစဉ်ဒေသများစွာရှိသည့်အနက် ဦးစွာပထမပုဂံဒေသကို စံနမူနာပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပုဂံဒေသအောင်မြင်လျှင် တခြားခရီးစဉ်ဒေသများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပုဂံဒေသကိုနိုင်ငံခြားသားများသိရှိကာ လာလည်ချင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧည့်သည်များသိရှိနိုင်ရန် Website များ လွှင့်တင်ရန်နှင့် လက်ကမ်းကြော်ငြာများထုတ်ရန် ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

ပုဂံဒေသခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် JICA အနေဖြင့် အထူးကျွမ်းကျင်အဖွဲ့များနှင့်အပိုင်းသုံးပိုင်းခွဲ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းစီမံအုပ်ချုပ်ရေးတိုးမြှင့်ခြင်း၊ ခရီးသွားလုပ်ငန်း၏ အခြေခံလိုအပ်ချက်များ သတ်မှတ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ခြင်းတို့ကို နှစ်အလိုက်ဆောင်ရွက်သွားရန်လျာထားကြောင်း သိရသည်။

လုပ်ငန်းအဖွဲ့(၁)၏ ခရီးသွားလာရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် လှုပ်ရှားမှုမှာ လူထုအခြေပြုခရီးသွားလုပ်ငန်းမြှင့်တင်ရေး(CBT) ဖြစ်ပြီး ကျေးလက်ရှုခင်းနှင့်လူနေမှုဘဝမှာ ပုဂံ၏အရေးပါသောခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ သို့သော် နိုင်ငံခြားသားခရီးသွားများအနေဖြင့် ဒေသခံများနှင့်ဆက်ဆံမှုအခွင့်အရေးပိုင်းတွင် ခံစားရမှုနည်းပါးကြောင်း၊ ထို့ကြောင့် လုပ်ငန်းအဖွဲ့(၁)အနေဖြင့် ခရီးသွားများနှင့်ဒေသခံများ နှစ်ဦးနှစ်ဖက်ကောင်းကျိုးရရှိစေရန်အတွက် ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း၊ လုပ်ငန်းအဖွဲ့(၂)တွင် ခရီးသွားသတင်းအချက်အလက်ဌာန တည်နေရာရွေးချယ်ခြင်း၊ ခရီးသွားမည့်လမ်းကြောင်းများ ရွေးချယ်ခြင်းနှင့်အခြားရွေးချယ်စရာ၊ ကြည့်ရှုရာအမှတ်နေရာများ ရွေးချယ်ခြင်းများအတွက် အဖွဲ့အတွင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြောင်း၊ အဖွဲ့(၃)အနေဖြင့် ပုဂံခရီးသွားလုပ်ငန်းကဏ္ဍကို ထိတွေ့လုပ်ဆောင်သူအများစုမှာ ဒေသခံ အများဆုံးဖြစ်သည့်အတွက် အနာဂတ်ကာလတွင် ASEAN Community (အာဆီယံအသိုင်းအဝိုင်း) ပေါ်ပေါက်လာပါက အဓိကအားဖြင့် ပုဂံဒေသရှိ မြန်မာလူမျိုးများသည် ပြိုင်ဆိုင်မှုနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံများ၏ ခရီးသွားများအပေါ် အထူးဧည့်ဝတ်ကျေပွန်မှုအတွက် နိုင်ငံတကာဈေးကွက်တွင် ရှင်သန်နိုင်စေရန် ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးဟောပြောခြင်းများနှင့် ဒေသတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်မှ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဗဟိုအကျဉ်းထောင်စစ်ဆေး

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အကျဉ်းထောင်တာဝန်ခံအရာရှိက မန္တလေးတိုင်းဒေသကြီး ဗဟိုအကျဉ်းထောင်အတွင်း၌ အကျဉ်းသူ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှု၊ သောက်ရေသုံးရေနှင့် သန့်ရှင်းရေး၊ ဥပဒေပါအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် တရားခံများနေရာထိုင်ခင်းသက်သာချောင်ချိမှုရှိမရှိ၊ အစာစားရာတွင် အာဟာရပြည့်စုံမှု ရှိ မရှိ၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများနှင့်စပ်လျဉ်း၍ တရားခံများအား ရင်းနှီးပွင့်လင်းစွာမေးမြန်းပြီး စစ်ဆေးဆဲအမှုလက်ကျန် လျော့နည်းကျဆင်းရေးတို့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အချုပ်တရားခံများနှင့် အကျဉ်းကျ တရားခံများနေထိုင်သည့် အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3832 Mitsubishi PajeroV46, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၉/မရတ(နိုင်)၀၅၄၇၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၅၀၄၅ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မရတ(နိုင်)၀၈၄၉၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၆၅၄၂၅ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင့် ၉/မနမ(နိုင်)၀၇၃၉၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# တာချီလိတ်၌ ကျပ်ငွေငါးဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်နှင့်ဘိန်းဖြူမှုန့်၊ ရိုက်စက်နှင့်ဆက်စပ်ပစ္စည်းများဖမ်းမိ

**တာချီလိတ် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းကိုးအုပ်စု မလိပါကော်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်၊ ဘိန်းဖြူမှုန့်၊ ကဖင်း၊ စိတ်ကြွဆေးအမှုန့်များ တန်ဖိုးငွေကျပ် သုံးဘီလီယံခန့်နှင့် ဆေးပြားရိုက်စက်နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ငွေကျပ်နှစ်ဘီလီယံခန့် စုစုပေါင်း ငါးဘီလီယံဖိုးခန့်ကို ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၅ရက် နံနက် ၄နာရီက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ ရဲမှူး ခင်မောင်သိန်း ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု မလိပါကော်ကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့် အကွာရှိ ဖားဖာ၏ ရော်ဘာခြံတွင် မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်စီးနင်း ရှာဖွေရာ ဖားဖာနှင့် ဂမ်ရှုန်တို့နှစ်ဦးနှင့်အတူ တဲအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၈၁၀၀၀ တန်ဖိုး ကျပ် ၄၅၂၅ သိန်းကိုလည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ဂရမ် ၉၂၀ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၃၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ ဒသမ ၅ကီလို တန်ဖိုးငွေကျပ်သိန်း ပေါင်း ၂၁၈၇၅၊ ကဖင်းအဖြူရောင် အမှုန့် ရှစ်ကီလို တန်ဖိုးငွေကျပ် ခြောက်သိန်း၊ မက်အက်ဖီတမင်း (အိုက်စ်) အဖြူရောင်ပုံဆောင်ခဲ ကိုးကီလို တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၂၅၀၊ အညိုရောင်အမှုန့်(စိစစ်ဆဲ) လေးကီ လို၊ အဝါရောင် ဖယောင်းခဲ ကိုးကီလို၊ ကော်မှုန့်ကိုးကီလို၊ အရောင်ဆိုးဆေးမှုန့် လေးကီလို၊ ခဲရောင်အနံ့မှုန့် သုံးကီလို၊ မျောက်တံဆိပ်အနံ့ဆေးရည် ၁၀၀၀ မီလီလစ်တာစီပါ ၁၈ ပုလင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် အိတ်များအလျား ၁၅ လက်မ၊ အနံ ၁၅ လက်မ၊ အမြင့် ၃၅ လက်မ ခန့်ရှိ WY စာတန်းပါ မှိုကိုးချောင်း ပါရှိသည့် ဆေးပြားရိုက်စက်တစ်စုံ၊ Tiger 4 W မော်တော်ယာဉ်တစ်စီး၊ နံပါတ်မပါ Wave အမျိုးအစား ဆိုင်ကယ်တစ်စီး၊ တူမီးသေနတ် တစ်လက်တို့ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ပူးပေါင်းအဖွဲ့သည် ရော်ဘာခြံအပေါ်ဘက်တွင် ဆောက်လုပ်ထားသော နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ ဖားဖာနှင့်အတူ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသူ အားထူကို ဖမ်းဆီးရမိခဲ့ပြီး နေအိမ်တဲအတွင်း၌ ကဖင်းအဖြူရောင်မှုန့် ၂၅ကီလိုပါ ခုနစ်အိတ်၊ ၃၅ ကီလိုပါ တစ်အိတ်နှင့် ၃၀ ကီလိုပါ တစ်အိတ် တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၈၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၅ ဒသမ ၅ ကီလိုစီပါ တစ်ထုပ် တန်ဖိုးငွေကျပ် သိန်း ပေါင်း ၁၃၇၅၊ ဘိန်းဖြူမှုန့် ၁၆ ဂရမ်ပါ တစ်ထုပ် တန်ဖိုးငွေကျပ် ၂ ဒသမ ၂၅ သိန်း၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ တန်ဖိုးကျပ် သိန်းပေါင်း ၁၂၀တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မလိပါကော်ကျေးရွာရှိ ဖားဖာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသည်ဟုယူဆရသော ၉၉၉ တံဆိပ်ပါ ရော်ဘာတံဆိပ်တုံး တစ်တုံးနှင့် ဆက်စပ်ပစ္စည်းများကို သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသော ဖားဖာ(၃၉ နှစ်)၊ အားထူ(၄၀ နှစ်)နှင့် ဂမ်ရှုန်(၃၂ နှစ်) တို့ကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**





ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၁၀ ရက်ကျော် မိုးရွာသွန်းမှုအားကောင်းခြင်းကြောင့် ဇူလိုင် ၂၅ ရက်က မိုးညှင်းမြို့တောင်ဘက်ကားလမ်း ဆယ်မိုင်ရွာသစ်ကျေးရွာနှင့် မော်ဟန်ကျေးရွာအကြား နန့်ပူးချောင်းရေကြီးရေလျှံခြင်းမလျော့သေးသဖြင့် မန္တလေး-မြစ်ကြီးနား ကားယာဉ်တန်းများတစ်ဖက်စီ ရပ်နားစောင့်ဆိုင်းနေရပြီး တစ်စီးချင်း ခက်ခက်ခဲခဲဆွဲယူဖြတ်သန်းစဉ်။ (ဝ၆၃)

# ဂိုးအပြန်အလှန်သွင်းပြီး ရတနာပုံအသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၆**

၂၀၁၅ ခုနှစ် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(ဗထူးကွင်း)

**ရတနာပုံ-လေးဂိုး၊ ကမ္ဘောဇ-သုံးဂိုး**

အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဝါရင့်တိုက်စစ်မှူး ရန်ပိုင်၏ဂိုးဖြင့် ရတနာပုံတို့နိုင်ပွဲဆက်ခဲ့သည်။ ၃၅မိနစ်တွင် မာတူနာက ရတနာပုံအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း လေးမိနစ်အကြာတွင် ဖိုလန်က ကမ္ဘောဇအတွက်ချေပဂိုးပြန်သွင်းခဲ့သည်။ ၄၁ မိနစ်တွင် ဘာကာက ကမ္ဘောဇအတွက်ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ၅၆မိနစ်တွင် မိုကာလူးက ရတနာပုံအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ၅၈ မိနစ်တွင် ဖိုလန်က ကမ္ဘောဇအတွက် တတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၈၃ မိနစ်တွင် မာတူနာက ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးကို ၈၅မိနစ်တွင် ရန်ပိုင်က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)

**မကွေး - နှစ်ဂိုး**
(ဒီဂျမ်နှင့်မျိုးဇော်ဦး)

**ချင်းယူနိုက်တက် - ဂိုးမရှိ**

(အောင်ဆန်းကွင်း)

**ဇွဲကပင် - နှစ်ဂိုး**
(သိန်းဇော်နှင့်ဇီကိုဗစ်)

**ဟံသာဝတီ - တစ်ဂိုး**
(ဘမ်ဘာ)

ပွဲစဉ် ၁၃အပြီးတွင် ရန်ကုန်အသင်းက ၃၇မှတ်ဖြင့် ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်လျက်ရှိပြီး မကွေးအသင်းက ၂၈မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဧရာဝတီနှင့်ရတနာပုံအသင်းတို့က ၂၆မှတ်စီ ကမ္ဘောဇအသင်းက ၁၉ မှတ်တို့ရရှိနေသည်။ **ညီမြတ်သော်တာ**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) 503472, 0973001453, 0930775232 တွင် ဖွင့်လှစ်မည့်သင်တန်းများ

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon ~ Thurs) 27 Jul
10-11:30 (Mon ~ Thurs) 12 Aug
9 - 12:00 (Sat + Sun) 16 Aug
1 - 2:30 (Mon ~ Thurs) 17 Aug

**BASIC FOUR SKILLS ENGLISH**
3:30 - 5 (Mon ~ Thurs) 27 Jul
6 - 7:30 (Mon ~ Thurs) 27 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
12 - 3:00 (Sat + Sun) 2 Aug
3:30 - 5 (Mon ~ Thurs) 3,10 Aug
1 - 2:30 (Mon ~ Thurs) 5 Aug
6 - 7:30 (Mon ~ Thurs) 10 Aug

**VOCAB ENRICHMENT**
1 - 2:30 (Mon ~ Thurs) 20 Jul
10-11:30 (Mon ~ Thurs) 17 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
3:30 - 5 (Mon ~ Thurs) 22 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
1 - 4:00 (Sat + Sun) 2 Aug
10-11:30 (Mon ~ Thurs) 12 Aug

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon ~ Thurs) 22 Jul
1 - 2:30 (Mon ~ Thurs) 3 Aug

**BASIC GRAMMAR**
7:30 - 9 (Mon ~ Thurs) 20 Jul
10-11:30 (Mon ~ Thurs) 31 Aug

**INTERMEDIATE GRAMMAR**
7:30 - 9 (Mon ~ Thurs) 24 Aug

**BASIC WRITING**
10-11:30 (Mon ~ Thurs) 24 Aug

**BASIC FOUR SKILLS ENGLISH**
6 - 7:30 (Mon ~ Thurs) 27 Jul
1 - 2:30 (Mon ~ Thurs) 29 Jul
3:30 - 5 (Mon ~ Thurs) 10,17 Aug
1 - 2:30 (Mon ~ Thurs) 17 Aug
12 - 3:00 (Sat + Sun) 22 Aug
10-11:30 (Mon ~ Thurs) 24 Aug
6 - 7:30 (Mon ~ Thurs) 24 Aug
6 - 7:30 (Mon ~ Thurs) 31 Aug

**BASIC ENGLISH SPEAKING**
7:30-10:30 (Sat + Sun) 1 Aug
7:30 - 9 (Mon ~ Thurs) 10 Aug
10-11:30 (Mon ~ Thurs) 17 Aug
1 - 2:30 (Mon ~ Thurs) 17 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
7:30 - 9 (Mon ~ Thurs) 5 Aug
4:30-7:30 (Sat + Sun) 15 Aug
7:30-10:30 (Sat + Sun) 23 Aug

**IELTS (Preparation)**
1 - 4:30 (Sat + Sun) 25 Jul
1 - 3:30 (Mon ~ Thurs) 3 Aug

**IELTS (Speaking)**
1 - 2:30 (Mon ~ Thurs) 20 Jul

**IELTS (Reading)**
7:30-9:30 (Mon ~ Thurs) 3 Aug

**IELTS (Writing)**
7:30-10:30 (Sat + Sun) 1 Aug

**IELTS (Grammar)**
10-11:30 (Mon ~ Thurs) 20 Jul



**မြေကွက်ကျယ်ရောင်းမည်**

Junction Zawana ရှေ့ လေးထောင့်ကန်လမ်းမကြီးမှ အနည်းငယ်ဝင်ရုံနှင့် (45' x 55') ဘိုးဘွားပိုင်မြေ (သိန်း ၃၆၀၀)

**ဖုန်း-၀၉-၂၅၀၁၄၆၂၄၃၊ ၀၉-၃၀၀၈၆၆၂၇**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲရင့်နိုင် ၁၂/ကမတ(နိုင်)၀၈၄၃၈၇၊ အမှတ်(၇၀)၊ စကားဝါပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၏ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် (ISP IDV8 14-15 54809 20-11-14) နှင့် ယင်း၏ IMPORT DECLARATION (806109) နှင့် CUSTOMS STATEMENT တို့၏ မူရင်းစာရွက်စာတမ်းများပျောက်ဆုံးသွားကြောင်း ကြော်ငြာအပ်ပါသည်။



ဒီနဲ ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 750 USD + ၅၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။

(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)

၂၀၁၅/၁၆ ဘုရားဖူးရာသီ ခရီးစဉ်များကို အောက်တိုဘာ (၄)ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းထွက်ခွာပါမည်။

ဒီနဲဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။

ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664

မဇ္ဈိမဒေသသာသနာပြုအဖွဲ့- အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173

မန္တလေးရုံးခွဲ-(I-6)၊ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ဖုန်း-09 402 64 8989, 09 5300305



iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763

Galaxy Software Co.,Ltd.
www.galaxy.com.mm

# ကျွန်တော်နဲ့ ဆိုးလ်မြို့



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်



အံ့သြဖွယ်ရာ တိုးတက်မှုများနှင့် ယနေ့ခေတ်ဆိုးလ်မြို့လယ်တစ်နေရာ။

ကျွန်တော်ဟာ တစ်လောက တောင်ကိုးရီးယားနိုင်ငံဆိုးလ်မြို့ကို ရောက်ခဲ့ပါတယ်။ နိုင်ငံတော်က စေလွှတ်တာမို့ ပထမအကြိမ် အစိမ်းရောင်နိုင်ငံကူးလက်မှတ်ကို ပြန်လည်ကိုင်ခွင့်ရခဲ့တယ်။ တစ်ချိန်ကတော့ နိုင်ငံ့တာဝန်ယူနေတာမို့ ခရီးထွက်တဲ့အခါ အစိမ်းရောင် ကိုင်ခွင့်ရခဲ့ပါတယ်။ နောက်တော့ အနီရောင်ကိုပဲ ကိုင်ဆောင်ပြီးသွားခဲ့ပါတယ်။

အဆင့်မြင့်အရာရှိများအဖွဲ့နဲ့ သွားခဲ့တာမို့ နေရာတိုင်း VIP အနေနဲ့ ဆက်ဆံခံရပါတယ်။ ကျွန်တော်က ဥရောပခရီးစဉ်က ပြန်ပြီး တစ်ညအိပ် အိမ်မှာနားပြီး နောက်တစ်နေ့ည ခရီးထွက်ရမှာမို့ အနောက်ကအရှေ့ကို တစ်ကြိမ်တည်း ကူးခဲ့တာပါ။ နည်းနည်းပင်ပန်းပေမယ့် မသွားမဖြစ်တဲ့ခရီးမို့ သွားခဲ့ရခြင်းဖြစ်ပါတယ်။ အဖွဲ့ခေါင်းဆောင်က ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းဖြစ်ပြီး ကျွန်တော်နဲ့အတူ ဒေါက်တာဇော်ဦး၊ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်နှစ်ဦးနဲ့ စီမံ/စီးပွားဝန်ကြီးဌာနက ဒုတိယညွှန်ကြားရေးမှူး စုစုပေါင်းခြောက်ဦး ပါဝင်တာဖြစ်တယ်။ ဒေါက်တာဇော်ဦးက ကြိုတင်ပြီးသွားနှင့်တာမို့ ရန်ကုန်ကထွက်တော့ ငါးဦးသာဖြစ်တယ်။ လေယာဉ်က သန်းခေါင်ကျော်မှာ ထွက်တယ်။ လေယာဉ်ပျံကခပ်သေးသေးမို့ ကောင်းကောင်းမအိပ်ခဲ့ရပါဘူး။ နောက်တစ်နေ့ မနက်စောစော ဆိုးလ်မြို့က အင်ချွန်းလေယာဉ်ကွင်းမှာ မြန်မာနိုင်ငံသံအမတ်ကြီးနဲ့ စီးပွားရေးအတွင်းဝန်တို့ကလာကြိုပြီး တည်းခိုမယ့် ဟိုတယ်ကို ကားနဲ့ထွက်ခဲ့ကြတယ်။ ဒီခရီးကို စိတ်တထင့်ထင့်နဲ့လာခဲ့တာဖြစ်တယ်။ တောင်ကိုရီးယားနိုင်ငံမှာ MERS ရောဂါတွေ ဖြစ်နေတာကို ရုပ်မြင်သံကြားမှာရော၊ စာနယ်ဇင်းတွေမှာပါ ရောဂါပျံ့နေတဲ့အကြောင်း သိရတော့ စိတ်ထဲက စိုးရိမ်မိတာအမှန်ပါ။ ဒါပေမယ့် တကယ် အန္တရာယ်ရှိရင် တောင်ကိုရီးယားအစိုးရက ကျွန်တော်တို့အဖွဲ့ကို အကြောင်းကြားမှာပဲဆိုပြီး ထွက်ခဲ့ဖြစ်တယ်။

ဟိုတယ်ရှိရာ ဆိုးလ်မြို့ရောက်တော့လည်း လူတွေက စည်းကားနေပြီး ရိုးရိုးသားသား သွားလာနေကြတယ်။ ရောဂါပျံ့နေတာ ဟုတ်မှဟုတ်ရဲ့လားဆိုပြီး သံသယတောင် ဝင်ခဲ့တယ်။ ဟိုတယ်မှာ ကြိုဆိုနေတဲ့သူတွေကိုမေးတော့လည်း သူတို့က ဘာမှမဖြစ်သလိုဘဲ ဟိုတယ်ရောက်ရောက်ချင်း နားချင်ပေမယ့် အခန်းက အဆင်သင့်မဖြစ်သေးတာနဲ့ နားနေဆောင်မှာပဲ နားခဲ့ကြတယ်။ ဆွေးနွေးစရာ တိုင်ပင်စရာတွေကို ညှိနှိုင်းကြပြီး ခရီးစဉ်နဲ့ပတ်သက်လို့ ဝန်ကြီးလုပ်သူက လမ်းညွှန်မှုပေးခဲ့ပါတယ်။ ညဘက်မှာ ဟိုတယ်အနီးမှာရှိတဲ့ စားသောက်ဆိုင်မှာ ညစာသွားစားကြတယ်။ ကျွန်တော်တို့အဖွဲ့လာရတဲ့ရည်ရွယ်ချက်က တောင်ကိုရီးယားအစိုးရနဲ့ မြန်မာနိုင်ငံတော်အစိုးရ နှစ်ဦးပိုင်းမှာ သဘောတူစာချုပ်ချုပ်ဆိုခဲ့တဲ့ စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ဖို့ ညှိနှိုင်းဆွေးနွေးအဆုံးသတ်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ တောင်ကိုးရီးယားခရီးစဉ်မှာ သူတို့ရဲ့သမ္မတကြီး မဒမ်ဘတ်က (Myanmar Development Institute-MDI) မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းကို တည်ထောင်ပေးဖို့ ကတိပြုခဲ့ပါတယ်။

**ဒီအဖွဲ့အစည်းတည်ထောင်ဖို့ လိုအပ်တဲ့ ငွေရေးကြေးရေးနဲ့ နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီအဖွဲ့အစည်း တည်ထောင်ဖို့ ပြင်ဆင်တဲ့အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပြီး ကျွန်တော်နဲ့ ဒေါက်တာဇော်ဦးတို့ကို တာဝန်ပေးအပ်ခဲ့တာဖြစ်ပြီး ဒီစီမံချက်ကို သမ္မတရုံးကဝန်ကြီးများက လမ်းညွှန်မှုတွေပေးခဲ့ပါတယ်။ သမ္မတကြီးမဒမ်ဘတ်က မြန်မာပြည်မှာ သူတို့နိုင်ငံမှာရှိတဲ့ Korea Development Institute (KDI)လို အဖွဲ့စည်းတစ်ခုရှိသင့်ကြောင်း အကြံပြုတဲ့အတွက် လူကြီးလုပ်သူတွေက အခုလိုဖွဲ့စည်းဖို့ သဘောတူခဲ့တာ ဖြစ်ပါတယ်။ ကိုရီးယားမှာ KDI မြန်မာပြည်မှာ MDI ဖြစ်ပါတယ်။** KDI နဲ့ပတ်သက်ပြီး ကျွန်တော်က လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်လောက်ကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ ဖွံ့ဖြိုးမှု စီးပွားရေးပညာရှုထောင့်က သုံးသပ်ရင် အလွန်ထူးခြားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အမှန်စင်စစ် တစ်ကမ္ဘာလုံးမှာ သူတို့တစ်နိုင်ငံတည်းရှိတယ်လို့ ပြောလို့ရပါတယ်။ ၁၉၅၃ ခုနှစ်မှာ ကိုရီးယားစစ်ပြီးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးချိန်အထိ ကိုရီးယားနိုင်ငံတစ်နိုင်ငံလုံးဟာ ဂျပန်နိုင်ငံရဲ့ ကိုလိုနီအဖြစ် နှစ်ပေါင်းရာကျော် အုပ်ချုပ်ခြင်းခံခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ပြီးချိန် နိုင်ငံရဲ့မြောက်ပိုင်း မဟာမိတ်အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားက သိမ်းပိုက်ခဲ့ပြီး တောင်ပိုင်းမှာတော့ အမေရိကန်က အုပ်ချုပ်ခဲ့ပါတယ်။ အခုလို နိုင်ငံနှစ်ခြမ်းဖြစ်ပြီး မြောက်နဲ့တောင် စစ်ဖြစ်ကြတယ်။ တစ်ဖက်နဲ့တစ်ဖက် အကြီးအကျယ် တိုက်ခိုက်ခဲ့ကြပြီး အဆုံးအရှုံးတွေ ရင်ဆိုင်ခဲ့ကြတယ်။ ထူးဆန်းတာက အမေရိကန်က ဒီစစ်ပွဲကို ကုလသမဂ္ဂလက်အောက်ကနေ ပါဝင်ဆင်နွှဲခဲ့တဲ့ဖြစ်ရပ်ပဲဖြစ်တယ်။ အခုလိုစစ်ပြီးချိန် မြောက်နဲ့တောင်ကိုရီးယားကို လတ္တီကျု ၃၈ အရ ခွဲခြားခဲ့တယ်။ **တစ်နိုင်ငံလုံးပဲ ရစရာမရှိအောင် ပျက်စီးခဲ့တဲ့ တောင်ကိုရီးယားဟာ ၁၉၆၀ ပြည့်နှစ်ကစတင်ပြီး အံ့သြလောက်တဲ့ တိုးတက်မှုတွေဖြစ်ရတယ်။ တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ အောက်ရှိခဲ့တဲ့နိုင်ငံဟာ အခုချိန်မှာ အမေရိကန်ဒေါ်လာ ၂၅၀၀၀ ကျော်ခဲ့ပြီး ပိုပြီးထူးခြားတာက တောင်ကိုရီးယားဟာ အခုချိန်မှာ OECD နိုင်ငံများအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့တယ်။ OECD နိုင်ငံဆိုတာက အချမ်းသာဆုံး နိုင်ငံတွေဖွဲ့စည်းထားတာဖြစ်တယ်။**



အခုလို အံ့မခန်းလောက်အောင် တိုးတက်ခဲ့တဲ့အကြောင်းရင်းတွေ ရှာဖွေတဲ့အခါ ပဟေဠိတစ်ခုလိုဖြစ်နေခဲ့တယ်။ သယံဇာတဆိုလို့ ဘာမှမည်မည်ရရမရှိတဲ့နိုင်ငံဟာ ဘာကြောင့်အခုလောက် တိုးတက်ခဲ့သလဲ။ တစ်ဖက်မှာလည်း ကိုရီးယား စတင်တိုးတက်ချိန်ကစပြီး နှစ်အတော်ကြာကြာအထိ စစ်အုပ်ချုပ်မှုအောက်မှာ ရပ်တည်ခဲ့တယ်။ အခုလို အဖြေရှာခက်တဲ့ပုစ္ဆာတစ်ပုဒ်ကို ကိုရီးယားနိုင်ငံသားတွေကတော့ ၁၉၆၀ ကျော်က စစ်အစိုးရဦးစီးသူ ဗိုလ်ချုပ်ကြီး ဘတ်ချွန်ဟီးကြောင့်လို့ လက်ခံကြတယ်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး ဘတ်ချွန်ဟီး တည်ထောင်ခဲ့တဲ့ (Korea Development Institute-KDI) ကိုရီးယားဖွံ့ဖြိုးရေး အဖွဲ့အစည်းကြောင့်လို့ လက်ခံကြတယ်။ ဒါကြောင့် KDI ကို ကျွန်တော်က အစကတည်းက စိတ်ဝင်စားတာဖြစ်ပါတယ်။

**ဗိုလ်ချုပ်ကြီး ဘတ်ချွန်ဟီး(နောင်သမ္မတကြီးဖြစ်လာသူ) ဟာ KDI ကို တည်ထောင်ရာမှာ နိုင်ငံခြားအထူးသဖြင့် အမေရိကန်နိုင်ငံမှာ နာမည်ရနေတဲ့ ကိုရီးယားစီးပွားရေးပညာရှင် ၁၂ ဦးကို နိုင်ငံကိုပြန်ခေါ်ယူပြီး KDI ကို စတင်ခဲ့တယ်။ ဒီပညာရှင်များကို နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် လိုအပ်တဲ့ အကြံဉာဏ်များ တောင်းခံခဲ့တယ်။ ရလာတဲ့အကြံပြုချက်တွေကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်အောင် ပေါ်လစီတွေချမှတ်ခဲ့တယ်။ အမှန်တော့ KDI ဟာ Think-tank ကတစ်ခုဖြစ်တယ်။ Think ဆိုတဲ့စဉ်းစားတွေးခေါ်မှုကို ပညာရှင်များနဲ့ စုစည်းထားတဲ့ tank အစုအဖွဲ့တစ်ခုဖြစ်တယ်။ နိုင်ငံတိုင်းလိုလို Think-tank တွေရှိကြပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံစတဲ့ နိုင်ငံတွေမှာရှိကြပါတယ်။ KDI ရဲ့ ထူးခြားချက်က နိုင်ငံသမ္မတကြီးနဲ့ တိုက်ရိုက်ဆက်သွယ်နေတဲ့ အကြံပေးအဖွဲ့တစ်ခုဖြစ်နေတာ။ ကိုရီးယားနိုင်ငံမှာလည်း အခုဆိုရင် Think-tank တွေအများကြီးရှိကြပါတယ်။ ဒါပေမယ့် KDI လို သမ္မတကြီးနဲ့ တိုက်ရိုက် ဆက်သွယ်မှုတော့ မရှိကြဘူး။**

**KDI ဟာ အခုလိုသမ္မတကြီးကို အကြံပေးတဲ့နေရာမှာ အဓိကအားသာချက်ကတော့ စနစ်တကျဆောင်ရွက်ခဲ့တဲ့ သုတေသနလုပ်ငန်းတွေဖြစ်တယ်။ သုတေသနဆိုတာ စနစ်တကျ သိပ္ပံနည်းကျကျ သက်သေအထောက်အထားတွေ ရှာဖွေပြုစုမှုသာဖြစ်တယ်။ ပုဂ္ဂိုလ်စွဲမပါဘဲ ခိုင်မာတဲ့ အချက်အလက်တွေကို အခြေခံမှုဖြစ်တယ်။ သုတေသနလုပ်တဲ့နေရာ လုပ်တဲ့သူရဲ့ အရည်အချင်းဟာ အရေးကြီးပါတယ်။ KDI ကို စတင်တည်ထောင်ခဲ့စဉ် ရွေးချယ်ခန့်ထားခဲ့တဲ့ ပညာရှင် ၁၂ ဦးဟာ ထူးချွန်ပြောင်မြောက်သူတွေဖြစ်ခဲ့တယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ သုတေသနလုပ်ငန်း အကျွမ်းတဝင်ရှိသူတွေ၊ စာသင်ကြားခဲ့သူတွေ၊ စာအုပ်စာတမ်းတွေပြုစုတဲ့သူတွေဖြစ်တယ်။ အခုဆို သူတို့ကို ပြည်တော်ပြန်ဖို့ သမ္မတကြီးဘတ်က မက်လုံးတွေပေးခဲ့တယ်။ အထူးသဖြင့် တက္ကသိုလ်တွေမှာ အလုပ်လုပ်နေတဲ့ ပါမောက္ခတွေထက် အဆပေါင်းများစွာ လုပ်ခလစာတွေပေးခဲ့တယ်။ ကားတွေ၊ တိုက်ခန်းတွေ စီစဉ်ပေးခဲ့တယ်။ ဒါကြောင့်လည်း အတော်ဆုံးတွေရခဲ့တာဖြစ်တယ်။**

သမ္မတကြီးကိုယ်တိုင် ဂရုတစိုက်အားပေးတဲ့အတွက် ကျန်တဲ့တာဝန်ရှိသူတွေကလည်း KDI ကပေးတဲ့ အကြံဉာဏ်တွေကို တလေးတစား တစ်စိုက်မတ်မတ် လုပ်ခဲ့တယ်။ ၁၂ ဦးနဲ့ စတင်ခဲ့တဲ့ KDI ဟာ အခုဆိုရင် ပညာရှင် ရာကျော်ရှိနေပြီး တစ်ကမ္ဘာလုံးမှာ Think-tank အများကြီးရှိပေမယ့် KDI လို နေရာပေးခဲ့ရတဲ့ အဖွဲ့အစည်းမျိုးတော့မရှိပါဘူး။

သတိပြုစရာတစ်ချက်က သမ္မတဘတ်က စတင်တည်ထောင်ခဲ့တဲ့ KDI ကို ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်တွေက လက်ဆင့်ကမ်း တာဝန်ပေးခဲ့ပြီး ပေးတဲ့အကြံဉာဏ်တွေကို လက်ခံအကောင်အထည်ဖော်ခဲ့ကြတယ်။ စစ်အစိုးရ အုပ်ချုပ်မှုကတစ်ဆင့် ဒီမိုကရေစီကိုစတင်ကူးပြောင်းခဲ့ပေမယ့် နိုင်ငံတော်သမ္မတတိုင်းဟာ KDI ကို အရေး တယူ အသိအမှတ်ပြုခဲ့တယ်။ အခုဆို သမ္မတမဒမ်ဘတ် ဟာ KDI ကို စတင်တည်ထောင်ခဲ့တဲ့ သမ္မတကြီးရဲ့ သမီးဖြစ်ပါတယ်။ ဖခင်ဖြစ်သူစတင်ခဲ့တဲ့ KDI ကို ဆက်လက်ပြီး ထိန်းသိမ်းရုံမက ဂရုတစိုက်အားပေးခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ တောင်ကိုရီးယားခရီးစဉ်တွေမှာ တာဝန်ရှိသူနဲ့တွေ့ခဲ့ရတယ်။ အဖွဲ့အစည်းတွေနဲ့လည်း တွေ့ခွင့်ရခဲ့တယ်။ ပညာရှင်တွေနဲ့လည်း ဆွေးနွေးခွင့်ရခဲ့တယ်။ နေရာတိုင်း၊ လူတိုင်းနဲ့တွေ့တိုင်းကြားရတဲ့ စကားပုံတစ်ခုက "Miracle on the Han River" ဖြစ်တယ်။ ဆိုးလ်မြို့အနီးမှာရှိတဲ့ ဟန်မြစ်ကိုတင်စားပြီး “ဟန်မြစ်သောက အံ့သြဖွယ်ရာ” ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ သူတို့နိုင်ငံရဲ့ အံ့မခန်းနိုင်အောင်ဖြစ်လာတဲ့ တိုးတက်မှုကို အံ့သြဖွယ်ရာဆိုပြီး တင်စားအသိအမှတ်ပြုခြင်းဖြစ်တယ်။ တွေ့ဆုံတဲ့အခါတိုင်း စစ်ပြီးကာလ ဆိုးလ်မြို့ရဲ့ ပုံရိပ်နဲ့ မျက်မှောက်ခေတ်အနေအထားကို ယှဉ်တွဲပြီးဖော်ပြလေ့ရှိတယ်။ အင်မတန်မှ ရစရာမရှိအောင် ပျက်စီးနေတဲ့ ဆိုးလ်မြို့ကြီးနဲ့ ခုချိန်မှာရှိနေမယ့် အခြေအနေတွေကို ယှဉ်တွဲပြီးဖော်ပြလေ့ရှိတယ်။

ကျွန်တော်တို့အဖွဲ့ KDI ရှိတဲ့ မြို့သစ်ကို ရောက်ခဲ့တယ်။ ဒီမြို့သစ်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ မြို့တော်အသစ်ဖြစ်တယ်။

စာမျက်နှာ ၁၆ သို့



၁၉၇၀ ပြည့်လွှန်နှစ်များအတွင်းက ဆိုးလ်မြို့၏ကျူးကျော်ရပ်ကွက်တစ်ခု။



# သဘာဝဘေးအန္တရာယ်လျော့ပါးရေး သရုပ်ပြလေ့ကျင့်

**မန္တလေး**

သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်ပေါ်သို့ သစ်ကိုင်းကျိုးကျရာမှ နေအိမ်ထဲတွင် သစ်ကိုင်းပိနေသော လူနာအား ကယ်ဆယ်ခြင်းနှင့်သစ်ပင်ကို ဖယ်ရှားရှင်းလင်းခြင်းများ လက်တွေ့သရုပ်ပြသခြင်းများကို ဇူလိုင် ၂၃ ရက်က မန္တလေးမဟာအောင်မြေမြို့နယ် ၄၁ လမ်းနှင့်ကမ်းနားလမ်းရှိ ရတနာပုံ သင်္ဘောကျင်းဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁)ပြည်နယ် တိုင်းဒေသကြီးမီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူးဦးကြည်ဝင်း၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာတွင် လုံခြုံရေးယူခြင်း၊ သစ်ကိုင်းပိနေသော လူနာအား ကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် ကယ်ထုတ်ခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်းနှင့်လူနာတင်ယာဉ်ပေါ်သို့ သယ်ဆောင်ခြင်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြရာ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက လုပ်ငန်းလိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ပေါင်းတည်**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် နွားသတ်ချောင်းနံဘေးရှိ နွယ်ချို(၁)ရပ်ကွက်၌ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ရေဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဇေယျ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့်ရပ်ကွက်နေပြည်သူများ ပူးပေါင်းဖွဲ့စည်း၍ ကဏ္ဍအလိုက်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

**ရွှေတောင်**

သဘာဝဘေး ရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က ရွှေတောင်မြို့ သရက်တောရပ်ကွက် မင်းတဲလမ်းမော်တော်ဆိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက လေ့ကျင့်ရသည့်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(သန္ဓေ၊ အရန်) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀ စုပေါင်း၍ လူနှင့်ပစ္စည်းများသယ်ယူရွှေ့ပြောင်းခြင်း၊ ရေစီးနှင့်မျောပါခြင်း၊ ရေနစ်ခြင်းများကို အရေးပေါ် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အပတ်စဉ် (၄/၂၀၁၅) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၄ရက်နံနက် ၁၀နာရီက ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဝင်းဇော်မိုးတက်ရောက် သင်တန်းဆင်းအမှာစကား ပြောကြား၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

တိုင်းဦးစီးမှူးက ယခုအပ်ချုပ်မှုဆိုင်ရာသင်တန်းများသည် အခြေခံအဆင့်မြင့်သင်တန်းဖြစ်ပြီး နောက်ထပ်ပုံဆန်းသင်တန်းကို ခေတ်နှင့်လျော်ညီစွာ ဖွင့်လှစ်သင်တန်းပေးမည်ဖြစ်၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် ဖြည့်စွက်တက်ရောက်သင်ကြားကာ မိမိယဉ်ကျေးမှုနှင့်ကိုက်ညီသော ဝတ်စားဆင်ယင်မှုများအတွက် ယခုသင်တန်းဆင်းများက နိုင်ငံတော်အတွက် အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။ တိုင်းဦးစီးမှူးနှင့် ဧည့်သည်တော်များက သင်တန်းသားသင်တန်းသူများချုပ်လုပ်ထားသော အဝတ်အထည် ဒီဇိုင်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှုသည်။

လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် အပ်ချုပ်မှုပညာ ၁၀ မျိုး၊ ဇာထိုး ပန်းထိုး ငါးမျိုး၊ ပန်းအလှပြင်၊ သစ်သီးအလှပြင် နှစ်မျိုးနှင့် မြန်မာ၊ တရုတ်၊ ကိုရီးယား အစားအစာချက်ပြုတ်နည်းလေးမျိုးတို့ကို သင်တန်းကာလ တစ်လခွဲကြာ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**



## ဆားလင်းကြီးမြို့နယ်၌ ချည်မျှင်ရှည်ဝါ ကွင်းပြပွဲ ဆောင်ရွက်

**ဆားလင်းကြီး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ညောင်ပင်ကြီး မြစ်ရေတင်ဧရိယာရှိ တောင်သူ ဒေါ်ကြည်စန်း၏ ကွင်းအမှတ် ၇၆၃ (က) ဦးပိုင်အမှတ် ၁/၂ ဧရိယာ (၂)ဧကပေါ်တွင် စိုက်ပျိုးထားသော ငွေချည် (၉) တစ်ဧကနှင့်ရွှေတောင် (၈) တစ်ဧက၏ မျိုးသန့်မျိုးပွား ဝါစိုက်ခင်းအား ဇူလိုင်စတုတ္ထပတ်က ကွင်းပြပွဲပြုလုပ်ခဲ့သည်။

အဆိုပါပြပွဲတွင် စက်မှုသီးနှံ တိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းရှိန်က မြစ်ရေတင်ဧရိယာနှင့် အခြားမိုးကောင်းသောက် ယာမြေများတွင် ဝါသီးနှံဧက တိုးတက်စိုက်ပျိုးသင့်ကြောင်း၊ နည်းပညာနှင့်မျိုးကောင်းမျိုးသန့် ဝါစေ့များ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုသာ စက်ရုံကြီးများတွင် အလေအလွင့်မရှိ ချည်ဆွဲနိုင်မည်ဖြစ်ပြီး ဈေးကွက်တွင် ဝါဈေးကောင်း ရရှိနိုင်ရန်အတွက် ဝါကောင်းနှင့် ဝါညံ့အား ခွဲခြားကောက်ရန် ဝါဈေးကွက် ခိုင်မာရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်းနှင့် အထွက်တိုး (၁၀)ချက်ကို အပြည့်အဝလိုက်နာပါက တစ်ဧက ဝါပိဿာ ၁၀၀၀ ထွက်ရှိမှုကို အာမခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက ယာတွင် ချည်မျှင်ရှည်ဝါကသာ တစ်ဧက ရှစ်သိန်းကျော်အထိ အကျိုးအမြတ် ရရှိနိုင်ပြီး ဝါအထွက်နှုန်းကောင်းမွန်ရန် ဇူလိုင်လနှင့် ဩဂုတ်လတွင် စိုက်ပျိုး သင့်ကြောင်း ထွက်ရှိလာသောဝါများမှာလည်း နောက်တည်ဆောက်မည့် ပတ္တီးစက်ရုံနှင့် ချည်မျှင်နှင့် အထည်စက်ရုံများအတွက် ကုန်ကြမ်းများဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**အောင်သီဟ**

*စာမျက်နှာ ၁၅ မှ*

အစိုးရဝန်ကြီးဌာနတွေအားလုံး ရုံးစိုက်တဲ့နေရာ နိုင်ငံတော်သမ္မတက အခုချိန်အထိ ဆိုးလ်မြို့မှာပဲရုံးစိုက်ပြီး လွှတ်တော်ကလည်း ဆိုးလ် မြို့မှာပဲ ရှိတယ်။ ဒါကြောင့်လည်း ကသိကအောက် နည်းနည်းဖြစ်တယ်လို့ ပြောပြပါတယ်။ KDI ကိုတော့ K ပုံစံနဲ့ တည်ဆောက်ထားတယ်။ တစ်ဖက်မှာ သုတေသနလုပ်တဲ့လုပ်ငန်းတွေဆောင်ရွက်တဲ့ အဆောက်အအုံဖြစ်ပြီး တစ်ဖက်မှာတော့ ဘွဲ့လွန်သင်တန်းကျောင်း တည်ထောင်ထားတာတွေ့ရ ပါတယ်။ KDIဟာ ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာတွေကို စနစ်တကျဖော်ထုတ်ခဲ့ပြီး လိုအပ်တဲ့ ပေါ်လစီများ ထုတ်ဖော်ခဲ့ကြတယ်။

ဒါကြောင့်လည်း ကိုရီးယားနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အပိုင်းသုံးပိုင်းခွဲခြားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပထမအပိုင်းမှာတော့ အပေါ့စားစက်မှုလုပ်ငန်းတွေနဲ့စတင်ခဲ့တယ်။ အလုပ်အကိုင်အခွင့်အရေးတွေဖန်တီးပေးနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုနည်းနည်းနဲ့လုပ်နိုင်တဲ့ အထည်ချုပ်လုပ်ငန်းတွေနဲ့ စတင်ခဲ့တယ်။

ရင်းနှီးမြှုပ်နှံမှုတွေရအောင် ထူးခြားတဲ့အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့တယ်။ ဒါကတော့ဂျာမနီနိုင်ငံနဲ့သဘောတူညီမှုရခဲ့တဲ့ စီမံချက်။ ဂျာမနီနိုင်ငံက ငွေချေးဖို့ဆွေးနွေးတဲ့အခါ ဂျာမနီနိုင်ငံမှာအလုပ်လုပ်နေတဲ့ စက်မှုလက်မှုလုပ်သားတွေ၊ သူနာပြုတွေကို အပေါင်ခံတဲ့သဘောနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ အကြီးစားစက်မှုလုပ်ငန်းဖြစ်တဲ့ သံမဏိလုပ်ငန်း သင်္ဘောတည်ဆောက်မှုလုပ်ငန်းတွေဘက် ဦးလှည့်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုချိန်မှာ တစ်ကမ္ဘာလုံးမှာ သံမဏိထုတ်လုပ်မှုအများဆုံးကုမ္ပဏီဟာ ကိုရီးယားနိုင်ငံက posco ဖြစ်နေတယ်။ ဒီကုမ္ပဏီဟာ မြန်မာပြည်မှာ အိမ်မိုးသွပ်ပြားတွေထုတ်လုပ်ရောင်းချနေပါတယ်။ နောက်ဆုံးအပိုင်းမှာတော့ နည်းပညာ၊ အသိပညာကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်ခြင်းဖြစ်တယ်။ ကမ္ဘာကျော် Samsung တို့၊ LG တို့ဟာ ဒီဖွံ့ဖြိုးမှုစီမံချက်ကပေါက်ဖွားလာခဲ့တဲ့ လုပ်ငန်းကြီးများဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်တဲ့အထိ ဖြစ်ခဲ့တယ်။ Internet နဲ့ ပတ်သက်ပြီး ဆက်သွယ်မှုအကြီးမားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေတယ်။ ကျွန်တော့်ကိုယ်တွေ့ပါ အင်တာနက်နှုန်းဟာ အလွန်မြန်လှပါတယ်။

ဒီအောင်မြင်မှုတွေဟာ KDI ဖြစ်တယ်လို့ ကျွန်တော်တို့အဖွဲ့နဲ့ တွေ့တဲ့တာဝန်ရှိသူတိုင်း ထုတ်ဖော်ပြခဲ့ပါတယ်။ သူတို့ဟာ သူတို့နိုင်ငံရဲ့ အောင်မြင်မှုကို အလွန်ဂုဏ်ယူနေတာတွေ သိရပါတယ်။

တစ်ခုတော့ရှိပါတယ်။ အောင်မြင်မှုတွေရဲ့နောက်ကွယ်မှာ ဆုံးရှုံးမှုတွေလည်း ရှိခဲ့တာတွေ့ရပါတယ်။ ဒါကိုကျွန်တော်သတိထားမိလို့ မေးခွန်းတွေလည်း ထုတ်ဖော်ခဲ့ပါတယ်။ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနဲ့ယှဉ်တွဲပြီး လက်ဝါးကြီးအုပ် စီးပွားရေးစနစ်တစ်ခု ပေါ်ပေါက်လာခဲ့တယ်။ လက်တစ်ဆုပ်စာလောက်ရှိတဲ့ ကုမ္ပဏီကြီးတွေဟာ ဩဇာကြီးမားပြီး စီးပွားရေးသာမက၊ နိုင်ငံရေးနယ်ပယ်မှာတောင် လွှမ်းမိုးနေတာတွေ့ရပါတယ်။ အခုလိုဖြစ်တာကို KDI က ကြိုတင်ခန့်မှန်းမှုရှိ မရှိဆိုတာကတော့ မေးခွန်းတစ်ရပ်ပဲဖြစ်ပါတယ်။ မျက်မှောက်ခေတ်ကာလမှာ ကိုရီးယားယဉ်ကျေးမှုဟာ ကမ္ဘာကိုလွှမ်းမိုးစပြုလာတာကို တွေ့ရပါတယ်။ သူတို့ရဲ့ချဉ်ပတ်ကင်(မ်)ချီကို ကမ္ဘာမှာပျံ့နှံ့အောင် လုပ်နိုင်ခဲ့တယ်။ ကိုရီးယားရုပ်ရှင် ဗီဒီယိုတွေဟာ အာရှတစ်လွှားပျံ့နှံ့နေတာတွေ့ရတယ်။ တစ်လောက Gangnam Style အကနဲ့ Youtube မှာစံချိန်တင်နိုင်ခဲ့တယ်။ ဒါကို KDI က ကြိုတင်ခန့်မှန်းခဲ့သလားလို့ မေးတဲ့နေရာမှာ ပါဝင်ပတ်သက်မှုရှိကြောင်း ဖြေကြပါတယ်။ တစ်ခါတလေ စီးပွားရေးသုတေသနလုပ်ရာမှာ ကိန်းဂဏန်းကိုအခြေခံပြီး ဆောင်ရွက်ကြရာတွင် အတိအကျစာရင်းဇယားနဲ့ မဖော်ပြနိုင်တဲ့အကြောင်းအချက်တွေကို တစ်ခါတစ်ရံ လျစ်လျူရှုခဲ့တာမျိုး ဖြစ်နိုင်ပါတယ်။

KDI ရုံးချုပ်ကို ရောက်တဲ့အချိန်မှာ သုတေသနလုပ်ငန်းနဲ့တွဲဖက်ပြီး ဖွင့်လှစ်ထားတဲ့ KDI School ကို ရောက်ခဲ့ပါတယ်။ School ဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော်တို့နိုင်ငံမှာ နားလည်မှုတစ်ခါတစ်ရံ လွဲမှားနေတာတွေ့ရပါတယ်။ School ကို ကျောင်းလို့ အကြမ်းဖျင်းဘာသာပြန်လိုက်တာမို့ ကျောင်းဆိုတာဟာ မူလတန်း၊ အလယ်တန်းနဲ့အထက်တန်းကျောင်းအဖြစ်သာ တွေ့ကြတယ်။ School ဆိုတာဟာ အတွေးအခေါ်တစ်ရပ်ကို ဖော်ထုတ်မှုဖြစ်ပါတယ်။ စင်ကာပူနိုင်ငံအမျိုးသားတက္ကသိုလ်မှာ Lee Kuan Yew School of Public Policy ဆိုတဲ့နာမည်ကြီး ဘွဲ့လွန်သင်တန်းကျောင်းရှိသလို အမေရိကန်ပြည်ထောင်စုမှာလည်း Harvardတက္ကသိုလ်မှာ Kennedy School of Governmentဆိုပြီး ဘွဲ့လွန်သင်တန်းကျောင်း ရှိပါတယ်။ KDI မှာတော့ Public Policy and Management ဘွဲ့လွန်သင်တန်းတွေအပြင် ပါရဂူသင်တန်းတွေလည်း ဖွင့်လှစ်ထားတာတွေ့ရပါတယ်။ KDI School ရဲ့ စာကြည့်တိုက်ကိုလိုက်ပြတဲ့အခါ IT ပညာတိုးတက်မှုကို ထူးခြားစရာတွေ့မြင်ခဲ့ရပါတယ်။

**ဆိုး(လ်)ခရီးကတစ်ဆင့် ကျွန်တော်တို့နိုင်ငံမှာ ဖွင့်လှစ်မယ့် MDI နဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို စဉ်းစားခွင့်ရခဲ့ပါတယ်။ အရာရာဟာ သင်ခန်းစာတွေဖြစ်ပါတယ်။ သူတို့ရဲ့အောင်မြင်မှု၊ သူတို့ရဲ့စိန်ခေါ်မှုတွေကို သုံးသပ်ပြီး ကိုယ်တိုင်ဆောင်ရွက်ရာမှာ ဆင်ခြင်ခွင့်ရခဲ့ပါတယ်။ ကိုရီးယားနိုင်ငံရဲ့တိုးတက်မှုကို တာဝန်ရှိသူတွေတင်ပြတိုင်း ကိုယ့်နိုင်ငံရဲ့အခြေအနေနဲ့နှိုင်းယှဉ်ပြီး စဉ်းစားမိခဲ့တယ်၊ အုပ်ချုပ်ရေးပုံစံ တူညီမှုရှိခဲ့ပါတယ်။ ဒါပေမယ့် ထူးခြားချက်က ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်ပြည့်ဝတဲ့ ဖွဲ့စည်းမှုနဲ့ တိကျပြတ်သားတဲ့ခေါင်းဆောင်မှုတွေဟာ သူတို့နိုင်ငံရဲ့ အောင်မြင်မှုရဲ့အခြေခံကောင်းတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ကြိုးစားကြဖို့လိုပါတယ်။ သဘာဝအခြေခံကောင်းလှတဲ့ ကျွန်တော်တို့နိုင်ငံ ပထဝီအနေအထားအရ အားသာမှုအပြည့်နဲ့ ကျွန်တော်တို့နိုင်ငံ အရည်အသွေးအပြည့်ရှိတဲ့လူငယ်တွေနဲ့ စုစည်းဖွဲ့စည်းထားတဲ့ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို မရောက်ရောက်အောင်ချီ တက်ရမှာသာဖြစ်ပါတယ်၊**

# ပန်းလှိုင်မြစ်ပြန်လည်တူးဖော်ပြီးနောက် သဲစက်လှေများဝင်ရောက်နိုင်သဖြင့် သဲကျောက်လုပ်ငန်းများပြန်လည်ကောင်းမွန်လာ

သတင်းဆောင်းပါး - မြင့်မြတ်သစ္စာ
ဓာတ်ပုံ - ဇွဲမာန်

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်းကို တည်ဆောက်ရေး(၁)၊ တည်ဆောက်ရေး(၉)နှင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနတို့က ကုမ္ပဏီ ခုနစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဇွန်လတတိယပတ်အတွင်း မြစ်ကြောင်းတူးဖော်ရေးပြီးစီးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စု ၃၉ ခုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးရွာအုပ်စု လေးခုတို့တွင် မြစ်ကြောင်းတိမ်ကောနေစဉ်က ကြုံတွေ့ရသော ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အတူ လှိုင်သာယာစက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းရှိ သဲကွင်းသို့ ပန်းလှိုင်မြစ်ကြောင်းမှတစ်ဆင့် ဇူလိုင် ၁၅ ရက်မှစ၍ သဲစက်လှေများ ဝင်ရောက်နိုင်ပြီဖြစ်သောကြောင့် သဲကွင်းဒိုင်မှ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် အဆင်ပြေလာသလို အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိလာပြီဖြစ်ရာ သဲကျောက်လုပ်ငန်းကို အမှီပြုနေရသော အလုပ်သမားများလည်း ဝမ်းမြောက်နေကြသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများနှင့် စက်မှုဇုန်များ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ဆိပ်ကမ်းသာလမ်းရှိ အုတ်၊ သဲ၊ ကျောက်ဖြန့်ချိရေးဒိုင်များမှ ဝယ်ယူကြရသောကြောင့် အဆိုပါသဲကွင်းမှာ အနယ်နယ်အရပ်ရပ်မှ အလုပ်သမားများဖြင့် စည်ကားခဲ့သော လုပ်ငန်းခွင်ဖြစ်သည်။

သဲကွင်းသည် ပန်းလှိုင်တံတားနှင့် ပန်းလှိုင်မြစ်ဝကြား စက်မှုဇုန်(၄)အနီး ပန်းလှိုင်မြစ်နံဘေးတွင်တည်ရှိပြီး ပန်းလှိုင်ဂေါက်ကွင်းလမ်းဆုံမှ အပြင်ပဒံကျေးရွာအထိ ကွန်ကရစ်လမ်းဖောက်လုပ်ထားသောကြောင့် ဆိပ်ကမ်းသာပတ်လမ်းသည် အများပြည်သူသွားလာရန်နှင့် ယာဉ်သွားလာမှုကို များစွာအထောက်အကူပြုသော လမ်းဖြစ်သည်။ သဲကွင်းမှ အတွင်းပဒံကျေးရွာကိုဖြတ်သန်းကာ နည်းပညာတက္ကသိုလ်အထိလည်းကောင်း၊ သဲကွင်းမှ ပန်းလှိုင်ဂေါက်ကွင်းလမ်းဆုံ၊ ဒိုင်စု၊ ညောင်ရွာကိုဖြတ်သန်း၍ ဘုရင့်နောင်တံတားအောက်မှတစ်ဆင့် ရှမ်းကျောင်းရွာ အောင်ဇေယျကြိုးတံတားကိုဖြတ်သန်းကာ ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေပြည်သာကြိုးတံတားအထိလည်းကောင်း သွားလာနိုင်သောကြောင့် ပန်းလှိုင်မြစ်နံဘေးရှိ အုတ်၊သဲ၊ကျောက် သဲကွင်းသည် မြစ်၏အကျိုးကျေးဇူးကိုခံစားရကာ အခြေခံလက်လုပ်လက်စားသမားတို့၏ စားဝတ်နေရေးအတွက် မှီခိုအားထားနေရသော နေရာလည်းဖြစ်သည်။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်စဉ် မြစ်ကြောင်းအတွင်း သဲစက်လှေနှင့် ကျောက်စရစ်သယ်ဆောင်သော စီဘီတွဲများ ဝင်ရောက်မှုရပ်နားထားရကာ ရောင်းချရန်လိုအပ်သော သဲ၊ ကျောက်များကိုလည်း လှိုင်မြစ်နံဘေးမှ တစ်ဆင့် သယ်ယူရသည့်အတွက် ဈေးမြင့်သောကြောင့် သဲကွင်းတွင် ခြောက်လခန့် အရောင်းအဝယ်ပါးခဲ့သည်။ လုပ်ငန်းရှင်များ အလုပ်အကိုင် မကောင်းသလို သဲ၊ ကျောက်လုပ်ငန်း လုပ်သားများလည်း အဆင်မပြေဖြစ်ခဲ့သည်။

ထို့ကြောင့် သဲကွင်းကိုအမှီပြုနေရသော အလုပ်သမားမိသားစုများမှာ လုပ်ငန်းခွင်ရှိရာ သဲ၊ကျောက်ကွင်းများသို့ ပြောင်းရွှေ့သွားကြပြီး ပန်းလှိုင်မြစ်နံဘေးရှိသဲကွင်းမှာ ခြောက်လခန့် တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ ယခုအခါ ပန်းလှိုင်ဂေါက်ကွင်းမြစ်ဝမှ သဲစက်လှေများဝင်ရောက်နိုင်ပြီဖြစ်၍ အလုပ်သမားများ ပြန်လည်ဝင်ရောက်လာလျက်ရှိကာ သဲကွင်းနေရာမှာ ပြန်လည်အသက်ဝင်လာသည်။

သဲစက်လှေများ ဝင်ရောက်နိုင်ပြီဖြစ်သော်လည်း ကျောက်စရစ်တင်သော စီဘီတွဲများ မဝင်ရောက်နိုင်သောကြောင့် လှိုင်မြစ်ကမ်းနံဘေးမှ ယခင်အတိုင်း ကားဖြင့်သယ်ဆောင်နေရဆဲဖြစ်သည်။ မိုးရာသီတွင် ကျောက်စရစ်ဈေးနှုန်း မကျသေးသောကြောင့် ပွင့်လင်းရာသီတွင်လည်း ဈေးတက်နိုင်ကြောင်း သဲကွင်းမှ လုပ်ငန်းရှင်အချို့က သုံးသပ်နေကြသည်။

"ပန်းလှိုင်မြစ်ကို ပြန်လည်တူးဖော်လိုက်တဲ့အတွက် ကျွန်တော်တို့လိုပဲ မြစ်ရိုးတစ်လျှောက်က ကျေးရွာတွေလည်း ဝမ်းသာကြမှာပါ။ တစ်ချိန်က ပန်းလှိုင်မြစ်ကို ဟိုဘက်ကမ်းကိုသွားမယ်ဆိုရင် ဇက်သမ္ဗန်စီးရတယ်။ မြစ်ပြင်ကလည်းကျယ်တယ်။ နောက်ပိုင်းနုန်းတွေပို့လာတော့ မြစ်ဟိုဘက် ဒီဘက်ကို နွံထဲကနေ လမ်းလျှောက်သွားလို့ရတယ်။ ဒါပေမယ့် ရေတက်ချိန်မှာ သဲစက်လှေနဲ့ စီဘီတွဲတွေ ဝင်လို့ရတဲ့အတွက် လုပ်ငန်းလည်ပတ်ပြီး ကျောက်ဈေး၊သဲဈေး အခုလောက်ဈေးမမြင့်ခဲ့ဘူး။ မြစ်ကြောင်းပိတ်ထားတဲ့ ခြောက်လကျော်မှာ ကျောက်၊သဲဈေးတက်သွားတယ်။ အလုပ်သမားလည်းရှားသွားတယ်။ မိုးရာသီမှာ ကျောက်၊ သဲ ဈေးကျတတ်တဲ့သဘောရှိပေမယ့် ဒီနှစ်ဈေးတက်တယ်။ အားလုံးတစ်ဆင့်သယ်ပြီးရောင်းရတော့ ဈေးမြင့်တယ်။ အခုသဲစက်လှေဝင်လို့ရပြီဆိုတော့ နည်းနည်းအသက်ရှူချောင်ပါပြီ။ အားလုံးဝမ်းသာနေကြတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိပေါက်ဈေးများအရ သဲကြမ်းတစ်ကျင်းလျှင် ကျပ်တစ်သောင်းခွဲ၊ နုန်းသဲတစ်ကျင်းလျှင် ကျပ်တစ်သောင်းနှစ်ထောင်နှင့် ကျောက်စရစ် တစ်ကျင်းလျှင် ကျပ်ငါးသောင်းခွဲမှ ခြောက်သောင်းအထိ ဈေးရှိနေသောကြောင့် ပွင့်လင်းရာသီတွင် ဈေးမြင့်နိုင်ကြောင်း ဒိုင်လုပ်ငန်းရှင်အချို့က ခန့်မှန်းနေခြင်း ဖြစ်သည်။

"တစ်နေ့လုံး သဲ၊ ကျောက် သုံးလေးကျင်းပဲ ရောင်းရတယ်။ အရင်က ကျင်း ၁၀၀၊ ၂၀၀ရောင်းခဲ့ရတာ။ မြစ်ကြောင်းပိတ်တဲ့ခြောက်လကျော်မှာ တစ်ဆင့်ဝယ်ရောင်းရတော့ အလုပ်သမားစရိတ်၊ တစ်ဆင့်သယ်ယူစရိတ်တွေကြောင့် ဈေးမြှင့်ရောင်းရတယ်။ ဒါကြောင့် စက်မှုဇုန်တွေက ဆောက်လုပ်ရေးအတွက် ဝယ်ရင် ဈေးသက်သာတဲ့ လှိုင်မြစ်ဘေးက သဲ၊ကျောက်ဒိုင်တွေမှာပဲ ဝယ်ကြတော့တယ်။ ဒီမှာမဝယ်ဘူး။ အခု သဲစက်လှေတွေကပ်နိုင်ပြီဆိုတော့ အားလုံးအသက်ရှူချောင်လာသလို ဒီလုပ်ငန်းကိုအမှီပြုနေတဲ့ အလုပ်သမားတွေလည်း


ပြန်လည်တူးဖော်ထားသော ပန်းလှိုင်မြစ်ကြောင်း။



ပါးစပ်စိုလာပါပြီ။ အလုပ်သမားတွေလည်း အလုပ်ပြန်ပေါ်လာတော့ ဝမ်းသာနေကြတယ်။ ကျောက်ကတော့ တစ်ဆင့်သယ်ပြီး ရောင်းနေရတုန်းပဲ။ ကျောက်တစ်ကျင်းကို ခြောက်သောင်းရှိတယ်။ ရပ်ကွက်တွေထဲက အဆောင်နဲ့ အိမ်ဆောက်တဲ့နေရာတွေကို ထော်လာဂျီနဲ့ပို့ပေးတယ်။ အစကနေ ပြန်စနေရတော့ စရိတ်လျှော့ချတဲ့အနေနဲ့ ကားမသုံးတော့ဘူး"ဟု အုတ်၊ သဲ၊ ကျောက် လုပ်ငန်းပိုင်ရှင် ဦးသန့်ဇော်က လက်ရှိသဲ၊ကျောက် ဈေးကွက်အခြေအနေကို ပြောပြသည်။ သဲစက်လှေများဆိုက်ကပ်နိုင်ပြီဖြစ်၍ သဲဈေးနှုန်းကျလာနိုင်သလို ကျောက်စရစ်တင်သော စီဘီတွဲများဆိုက်ကပ်နိုင်လျှင် ယခင်လို အလုပ်သမားများဖြင့် ပြန်လည်စည်ကားလာမည်ဖြစ်ကြောင်း ၎င်း၏အမြင်ကို ဆက်ပြောသည်။

သဲ၊ ကျောက်များကို စက်လှေများနှင့် စီဘီတွဲများပေါ်မှချရာတွင် ကျောက်စရစ်ချခြင်းက သဲချခြင်းထက် လူအင်အားပိုသုံးရသဖြင့် အလုပ်အကိုင်များ ပိုမိုရရှိပြီး အခြေခံလူတန်းစားအတွက် ဝမ်းရေးကိုများစွာအထောက်အကူဖြစ်စေသောကြောင့် ကျောက်တင်စီဘီတွဲများ ဝင်ရောက်နိုင်မှ ယခင်အတိုင်း စည်ကားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သဲ၊ ကျောက်လုပ်ငန်းအတွက် လုပ်ငန်းရှင်တစ်ဦးလျှင် တစ်နှစ် ကျပ်လေးသိန်းမှ ခြောက်သိန်းအထိ သွင်းရရာ ယခုနှစ်တွင် သဲကွင်းနေရာ၌ အရောင်းအဝယ်ပါးခဲ့သောကြောင့် သိန်း ၅၀ ဖြင့် နေရာဝယ်ယူထားသော သဲ၊ ကျောက်လုပ်ငန်းရှင်များ အရှုံးပေါ်နေကြောင်းလည်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"သဲတစ်ကျင်းကို အတင်အချလုပ်ပေးခအနေနဲ့ ကားအသေး ၂၅၀၀ ကျပ်၊ ကားအကြီးက လေးထောင်၊ ငါးထောင်ကျပ်ရတယ်။ ခရီးဝေးရင် ဈေးပိုရတယ်။ အလုပ်မရှိတဲ့နေ့ဆိုရင် အလုပ်ရှင်က ၁၅၀၀ ကျပ်ပေးတယ်။ အခေါက်ရေများရင် တစ်နေ့တစ်သောင်းနီးပါးရတယ်။ ဒီမှာပဲလုပ်တာ လေးနှစ်ရှိပြီ။ ရွာမပြန်တော့ဘူး။ ဒီမှာပဲဆက်ကြိုးစားမယ်"ဟု သန်လျင်မှ လာရောက်၍ အလုပ်လုပ်ကိုင်နေသော မောင်ဇော်မင်းက ပြောသည်။

ကျောက်စရစ် တင်ချသည့် အလုပ်သမားခမှာမူ သဲတင်ချသည့် အလုပ်သမားခထက် ပိုများသည်။ အညာဒေသမှလာရောက်၍ ကျောက်တင်ချလုပ်သားအဖြစ် လုပ်ကိုင်နေသော ကိုစိန်ထွန်းက "သဲတင်တာထက်ပင်ပန်းတော့ တစ်ခေါက်ကို လေးထောင်ရတယ်။ တစ်နေ့ကို တစ်သောင်းကျော်ဝင်တယ်။ အရင်လို ကျောက်တင်တဲ့ တွဲသင်္ဘောတွေဝင်နိုင်ရင် ကျောက်စရစ်ဈေးပြန်ကျပြီး အလုပ်အကိုင်တွေလည်း ပြန်ပေါ်လာမယ်"ဟု ပြောသည်။

ပန်းလှိုင်မြစ်ကို ပြန်လည်တူးဖော်ရာတွင် အရှည် ၃၄ ဒသမ ၄ မိုင်ခန့်ကို တူးဖော်ခဲ့ခြင်းဖြစ်ပြီး မြစ်ရိုးတစ်လျှောက်ရှိ တာပေါင်ရေတံခါးကြီးကိုးခုကို ပြန်လည်ပြုပြင်ကာ ရေတံခါးအသေး ၂၁ ခုကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။ မြစ်ကြောင်းပြန်လည်တူးဖော်ခဲ့သဖြင့် မြစ်ကြောင်းတစ်လျှောက်ကျေးရွာများတွင် ရေဝပ်ရေလျှံမှုများမဖြစ်ပေါ်ရန် ကာကွယ်နိုင်ခဲ့သည့်အပြင် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပန်းလှိုင်မြစ်ကြီးက ပို၍ ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်သော ပန်းလှိုင်မြစ်ကြောင်းမှ တစ်ဆင့် သဲကွင်းသို့ စက်လှေများဝင်ရောက်သွားလာနိုင်ပြီဖြစ်ရာ သဲကျောက်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာခြင်းနှင့်အတူ သဲကွင်းကို အားကိုးအားထားပြုနေရသော အခြေခံလူတန်းစား အလုပ်သမားများအနေဖြင့် အလုပ်အကိုင်များ ပြန်လည်ရရှိလာတော့မည်ဖြစ်သည်။ ။

---

## မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ရပ်ရွာအခြေပြုအဖွဲ့များ တွေ့ဆုံဆွေးနွေး

**တီးတိန် ဇူလိုင် ၂၆**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ရပ်ရွာအခြေပြုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဂိုးဆွင်းခိုင်က အမှာစကားပြောကြားပြီး Save the Chidren မှ ဒေါ်နွေးနွေးပိုင်က တွေ့ဆုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၀၆- ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်ကို TCRC လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်စန်းကြွယ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလေးများဦးဆောင်သော သုတေသနပြုမှုအပေါ် တွေ့ရှိချက်များအား ထုတ်လိုင်အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦးက တင်ပြခဲ့ပြီး ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ဒေါ်နွေးနွေးပိုင်က ဆွေးနွေးခဲ့ကာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက တစ်ဦးချင်းအကြံပြုဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ တီးတိန်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# လောင်စာဆီနှင့်ဆက်စပ်ပစ္စည်းများ တရားမဝင်သိုလှောင်ရောင်းချသူအား ဖမ်းဆီး

**မြင်းမူ ဇူလိုင် ၂၆**

မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာ၌ လောင်စာဆီနှင့် ဆက်စပ်ပစ္စည်းများကို တရားမဝင် သိုလှောင်ရောင်းချနေသူတစ်ဦးအား ဇူလိုင် ၂၃ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး၊ မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြင့်သောင်း၊ ဂုံညင်းဆိပ်ရဲကင်းစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်တင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ ခွက်ခွင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ခွက်ခွင်းကျေးရွာတွင် လောင်စာဆီများတရားမဝင်သိုလှောင်ရောင်းချနေသူ ဦးစိုးသင်းထံ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဆိုင်ကယ်များကို ဆီရောင်းရန် ဘက်ထရီနှင့် တွဲ၍အသုံးပြုရသည့် 1.2 Oil lnnovation စာတမ်းပါ ဓါတ်ဆီပန့်စက်တစ်လုံး၊ G7 တံဆိပ်ပါ ဘက်ထရီနှစ်လုံး၊ NTE တံဆိပ်ပါ အင်ဗာတာတစ်လုံး၊ ၄၅ ဂါလန်ပါ ဓာတ်ဆီပေပါတစ်လုံး၊ ၄၅ ဂါလန်ပါ ဒီဇယ်ပေပါတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းမိခဲ့သည်။ ဖမ်းဆီးရမိထားသောပစ္စည်းများနှင့်ပတ်သက်၍ မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြင့်သောင်းက တရားလိုပြုလုပ်၍ အမှုဖွင့်ထားကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်း ကျေးရွာများ၌ လောင်စာဆီများ တရားမဝင်သိုလှောင်ရောင်းဝယ်မှုများ မရှိစေရေးအတွက် မြင်းမူမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းကာ ကွင်းဆင်းပညာပေးမှုများကို လွန်ခဲ့သော နှစ်လခန့်ကပင် လိုက်လံဆောင်ရွက်ခဲ့ပြီး တရားမဝင်ရောင်းချမှုကို ပိတ်သိမ်းကာ တရားဝင်ရောင်းချခွင့်ရရှိရေး ဆောင်ရွက်ရန်နည်းလမ်းများကို လမ်းညွှန်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖမ်းဆီးရမိသော ဦးစိုးသင်း၏ ဆီဆိုင်ကိုလည်း ပိတ်သိမ်းခဲ့ပြီးဖြစ်သော်လည်း ဆက်လက်၍ ခိုးဝှက်ရောင်းချနေသဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။ **(၀၇၉)**




# ရေနုတ်မြောင်းများ ဖောက်လုပ်ပြီးစီးသဖြင့် စပါးစိုက်ပျိုးရေးအဆင်ပြေလျက်ရှိ

**နတ်တလင်း ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အတွင်း နတ်တလင်းမှ တာပွန်အထိ လမ်းဘေးဝဲ-ယာရေနုတ်မြောင်းများ၊ ရေသွယ်မြောင်းများကို မိုးရာသီအမီ ဖောက်လုပ်ပြီးစီးသဖြင့် မြို့နယ်အနောက်ခြမ်းရှိ ထိန်သေး၊ ပေါက်တန်း၊ ဂျင်းယားကုန်း၊ နွယ်ခွေစသည့်ကျေးရွာများမှ လယ်သမားများ၏ လယ်ယာမြေများပျိုးထောင်စိုက်ပျိုးရန် ရေလုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေက ဝါခေါင်လကုန်ခါနီးမှ ကုန်းလယ်တွေစိုက်ကြရတယ်။ စိုက်ချိန်နောက်ကျတော့ အထွက်နှုန်းလည်း မကောင်းဘူး။ တချို့လယ်သမားတွေက စပါးမစိုက်တော့ဘဲ ပဲစိုက်ကြတယ်။ အခုလို ရေနုတ်မြောင်းဖောက်လုပ်ပြီးစီးသွားတော့ လယ်သမားတွေအားလုံး လယ်မြေကွက်ရှိသမျှ စပါးစိုက်ပျိုးနိုင်တယ်။ လယ်စိုက်ပျိုးရေးလုပ်ငန်းကလည်း ရေကိုလိုသလိုအသုံးပြုနိုင်လေ စပါးအထွက်ကောင်းလေပဲ။ ရေနုတ်မြောင်းရှိနေတဲ့အတွက် လယ်သမားတွေ စိုက်ပျိုးရေးအဆင်ပြေတယ်"ဟု နွယ်ခွေကျေးရွာမှ တောင်သူဦးစန်းလွင်က ပြောသည်။

ရေနုတ်မြောင်းတူးဖော်ခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က "တောင်ညိုဆည်မှ BDY-1 လက်တန်ခွဲ(ခ)က တစ်ဆင့် အောင်ရေရရှိအောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အခုဖောက်လုပ်ထားတဲ့ ရေနုတ်မြောင်းကို လမ်းနှစ်သွယ်သုံးနိုင်အောင် ဖောက်လုပ်ထားတာပါ။ ရေနုတ်မြောင်းကတော့ နတ်တလင်း-တာပွန် ကားလမ်းဘေးဝဲယာ တစ်လျှောက် အနက် ၆ ပေ၊ မြေအောက်အကျယ် ၅ ပေနဲ့ အပေါ်အကျယ် ၁၀ ပေ ဖောက်လုပ်ပြီး ကားလမ်းကိုလည်း ပေါင်ချဲ့ပြီးဖြစ်အောင် လုပ်ဆောင်ထားပါတယ်"ဟု ပြောသည်။

နတ်တလင်းမြို့နယ်အတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးမှုများ ဆက်တိုက်လုပ်ကိုင်နေကြပြီး မြို့နယ်အနောက်ခြမ်းရှိ လယ်ယာမြေများအားလုံး မကြာမီစိုက်ပျိုးပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**



# ပုသိမ်တက္ကသိုလ်တည်ဆောက်ရာတွင် ပါဝင်သည့် မြေပိုင်ရှင်တောင်သူများအား နစ်နာကြေးပေးအပ်

**ပုသိမ် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)နယ်မြေ၌ ပုသိမ်တက္ကသိုလ်တည်ဆောက်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် မြေပိုင်ရှင်တောင်သူလယ်သမား ၂၈ ဦးအား တစ်ဧကလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် နစ်နာကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့တောင်းဆိုခဲ့တဲ့အတိုင်း တစ်ဧကကို ကျပ်သိန်း ၂၀ ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကာလတန်ကြေးနဲ့ တွက်မယ်ဆိုရင် ကျပ်သိန်း ၄၀ လောက်ရှိပေမယ့် နိုင်ငံတော်ရဲ့ ပညာရေးအတွက် လှူဒါန်းရခြင်းဖြစ်တာကြောင့် တစ်ဧက ကျပ်သိန်း ၂၀ ကို ကျေကျေနပ်နပ် ရယူခဲ့ပြီး နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍ တိုးတက်ပါစေကြောင်း ဆုတောင်းပါတယ်"ဟု လယ်ယာမြေစွန့်လွှတ်ခဲ့သည့် တောင်သူလယ်သမားများကိုယ်စား လယ်သမားတစ်ဦးဖြစ်သည့် ဦးဖိုးချစ်က ပြောသည်။

မြေပိုင်ရှင် တောင်သူ ၂၈ ဦး၏ လယ်ယာမြေ ၁၈၂ ဒသ ၉၁ ဧကအတွက် တစ်ဧက ကျပ်သိန်း ၂၀ နှုန်းဖြင့် နစ်နာကြေးငွေ ကျပ် ၃၆၈ ဒသမ ၅သိန်း ပေးအပ်သည့် အခမ်းအနားကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

နစ်နာကြေးငွေ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က နိုင်ငံတော်၏ ပညာရေးကဏ္ဍအတွက် လယ်ယာမြေများ စွန့်လွှတ်ပေးသည့် တောင်သူလယ်သမားများအား ကျေးဇူးတင်ကြောင်း၊ နိုင်ငံတော်ကိုယ်စား ဂုဏ်ယူကြောင်း အမှာစကား ပြောကြားသည်။

ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေက ၁၉၉၆ ခုနှစ်က ပုသိမ်ဒေသကောလိပ် စတင်ဖွင့်လှစ်ချိန်မှစ၍ ပုသိမ်တက္ကသိုလ်အဆင့်အထိ တိုးချဲ့တည်ဆောက်ခဲ့ပုံများနှင့် ဆက်လက်တိုးချဲ့တည်ဆောက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာမြေများ စွန့်လွှတ်ပေးသည့် တောင်သူ ၂၈ ဦးအား နစ်နာကြေးငွေများကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

**ပုသိမ်လှကြည်**

# ရွှေးကောက်ပွဲဆိုင်ရာ ဆင့်ပွားပညာပေးသင်တန်းဖွင့်

**သာစည် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝါလားက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအပါအဝင် သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်တန်းကို ဆက်လက်ပို့ချကြသည်။ သင်တန်းတွင်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များ၊ မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ်များ၊ လွှတ်တော်အရပ်ရပ်၏ ဥပဒေ၊ နည်းဥပဒေ၊ ဆန္ဒပြုခြင်းနှင့် မဲရုံတည်ဆောက်ခြင်းစသည့် ဘာသာရပ်များကို သင်ကြားပို့ချပြီး ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင် သင်တန်းသား ၂၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ဆိပ်ဖြူ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ထန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးသူများအနေဖြင့် မစားသင့်သည့် အစားအစာများအကြောင်း၊ လှပစွာထုပ်ပိုးထားသည့် အစားအသောက်ကုန်ပစ္စည်းများ၏ အန္တရာယ်များနှင့် အစားအသောက်များအပါအဝင် ကုန်ပစ္စည်းများဝယ်လျှင် သတိထားရမည့်အချက်များအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။ **ကိုမျိုး(ယောရော)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏လုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**တာချီလိတ် ဇူလိုင် ၂၆**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပွဲကို တာချီလိတ်မြို့ ရွှေဘူးသီးဟိုတယ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

လုပ်ငန်းရှင်းလင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ကျိုင်းတုံရုံးခွဲမှ ဆက်ဆံရေးအရာရှိ Mr.Raphael Boreham က ကော်မတီ၏ လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။ ထို့နောက် ပြန်ကြားဆက်သွယ်ရေးတာဝန်ခံအရာရှိ ဦးကြည်စိုးက ICRC အနေဖြင့် နိုင်ငံပေါင်း ၈၀ ကျော်တွင် ရုံးခွဲများဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းတာဝန်များနှင့် မူဝါဒများ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ လူသားချင်းစာနာမှုဆိုင်ရာများ စသည်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ခံ ဆက်ဆံရေးအရာရှိများက ပြန်လည်ဖြေကြားခဲ့သည်။



အဆိုပါ လုပ်ငန်းရှင်းလင်းပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး (ဒုတိယတန်း)ဦးဘမိုးမြင့်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# လာမယ့်ရာသီသစ်နဲ့ လာဇီယို



လာမယ့်ဩဂုတ်လမှာ စတင်တော့မယ့် စီးရီးအေပွဲစဉ်တွေအတွက် ထိပ်တန်းအသင်းအတော်များများ လှုပ်လှုပ်ရှားရှားရှိနေပေမယ့် ပြီးခဲ့တဲ့စီးရီးအေရာသီကုန်မှာ တတိယနေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ လာဇီယိုတို့ကတော့ တည်ငြိမ်မှုအပြည့်နဲ့ ရာသီအသစ်ကို ဖြတ်သန်းဖို့ တာစူနေပြီဖြစ်ပါတယ်။ ငွေကြေးသုံးစွဲမှု အခြေအနေအရ စျေးကြီးတဲ့ တိုက်စစ်မှူးတွေ၊ ကစားသမားတွေ မခေါ်နိုင်ပေမယ့် အကောင်းဆုံးပုံစံရအောင် ခင်းကျင်းသွားမယ်လို့ ဆိုနေပါတယ်။

လာဇီယိုဟာ ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် နာပိုလီအသင်းနဲ့ ကစားတဲ့အခါ လေးဂိုး-နှစ်ဂိုးနဲ့နိုင်ခဲ့ပြီး ကာဒိုရီအသင်းနဲ့ ဇူလိုင် ၁၅ ရက်က ကစားတဲ့ပွဲမှာလည်း ကိုးဂိုး-တစ်ဂိုးနဲ့ ပြတ်ပြတ်သားသားနိုင်ပွဲရရှိခဲ့ပါတယ်။ ဒါကြောင့် ရာသီအကြိုပွဲစဉ်တွေမှာတော့ အကောင်းဆုံးခြေစွမ်းပြသထားနိုင်တဲ့ အနေအထားရောက်ရှိနေပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရလဒ်တွေဆိုးရွားခဲ့ပေမယ့် ရာသီကုန်ချိန်မှာတော့ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနိုင်ခဲ့တာမို့ ရာသီတစ်လျှောက်လုံး ပေးဂိုးလုံးဝမရှိတဲ့ပွဲပေါင်း ၁၄ ပွဲအထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ စီးရီးအေပွဲပေါင်း ၃၈ ပွဲ ကစားခဲ့ရာမှာ သွင်းဂိုး ၇၁ ဂိုးနဲ့ ပေးဂိုး ၃၈ ဂိုးအထိရှိခဲ့တာမို့ ခံစစ်လုံခြုံအောင် လာဇီယိုတို့ ပြင်ဆင်အားထုတ်ရပါလိမ့်မယ်။

လာဇီယိုတို့က တိုက်စစ်ရော ခံစစ်ပါတောင့်တင်းအောင် စုဖွဲ့ထားပေမယ့် လက်ရှိ လာဇီယိုရဲ့အင်အားက လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး အထူးသဖြင့် တိုက်စစ်မှူးတွေက ဘောလုံးဆုံးရှုံးမှုများနေဆဲဖြစ်ပါတယ်။ ခံစစ်မှူးတွေရဲ့ စိုးရိမ်စိတ်များတတ်မှုက အမှားအယွင်းတွေဖြစ်ပေါ်တတ်ပြီး ပြီးခဲ့တဲ့ရာသီကပွဲ ၃၈ ပွဲ စီးရီးအေမှာကစားခဲ့ရာမှာ တစ်ပွဲ တစ်ဂိုးနှုန်း ခွင့်ပြုခဲ့ရတာမို့ ပြိုင်ဘက်အသင်းတွေထက်စာရင်တော့ ပေးဂိုးများနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါပေမယ့် ကွင်းလယ်ကစားအားကောင်းမွန်တဲ့ လာဇီယိုတိုက်စစ်မှူးတွေကို ဂိုးသွင်းခွင့်ရအောင် ဖန်တီးပေးနိုင်မှု၊ တိုက်စစ်လမ်းကြောင်းပေါ် အလိုက်သင့် ဘောလုံးချပေးနိုင်မှုတွေကတော့ ပြိုင်ဘက်အသင်းတွေထက်စာရင် အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။ ပြီးခဲ့တဲ့ စီးရီးအေမှာ တတိယနေရာသာရရှိခဲ့တဲ့ လာဇီယိုဟာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် တိုက်စစ်ဝင်ခွင့်ရဖို့ အခွင့်အရေးဆုံးရှုံးခဲ့ရတာမို့ ခြေစစ်ပွဲကစားရဦးမှာဖြစ်ပါတယ်။

ဒါ့အပြင် လာဇီယိုဟာ ပြီးခဲ့တဲ့နှစ်က ကိုပါအီတာလီယာဖလားကို နောက်ဆုံးဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ပေမယ့် ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့တဲ့ဖြစ်ရပ်ကြောင့် အခုလာမယ့် ဘောလုံးရာသီမှာတော့ စီးရီးအေဖလား၊ ကိုပါအီတာလီယာဖလားနဲ့ ချန်ပီယံလိဂ်ဖလားတွေရရှိအောင် အကောင်းဆုံးကြိုးစားသွားမည်ဆိုနေတာမို့ လာဇီယိုတို့ရဲ့ လာမယ့်စီးရီးအေရာသီမှာ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

ဒါပေမယ့် လက်ရှိခြေစွမ်းအရ အခက်အခဲတွေ အများကြီးရှိနေပြီး အပြောင်းအရွှေ့ကာလမှာလည်း ငွေကြေးအင်အားအပြည့်အဝအသုံးမချနိုင်တာကြောင့် ပြီးခဲ့တဲ့နှစ်က ခေါ်ယူထားတဲ့ စတီဖန်နဲ့ မကြာခင်ခေါ်ယူတော့မယ့် တိုက်စစ်မှူးနှစ်ဦးနဲ့အတူ ရာသီသစ်ကို ဖြတ်သန်းဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။

ဒါကြောင့် လာဇီယိုရဲ့ ပြီးခဲ့တဲ့နှစ်မှတ်တမ်းကောင်းကို ပိုမိုကောင်းမွန်အောင် ရေးထိုးနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်သလို ဆုဖလားရယူနိုင်တဲ့အထိ စွမ်းဆောင်နိုင်မလားဆိုတာကလည်း အကဲခတ်ရဦးမှာဖြစ်ပါတယ်။ ။

■မိုးမြင့်လင်းလက်

## လောရင့်တိုက်စစ်မှူး အက်စ်တွန်ဗီလာခေါ်ယူဖို့ ကြိုးစားနေ



ပြင်သစ်ပထမတန်းကလပ် လောရင့်တိုက်စစ်မှူး ဂျော်ဒန်အာယောကို အက်စ်တွန်ဗီလာက ပေါင်ရှစ်သန်းနဲ့ ခေါ်ယူဖို့ ချဉ်းကပ်နေတယ်လို့ ဆိုပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက ပြင်သစ်လီဂူး-၁ မှာ ၁၂ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်လို့ အက်စ်တွန်ဗီလာက အာယောကို ပေါင် ရှစ်သန်းနဲ့ ခေါ်ယူဖို့ ဆွေးနွေးနေကြပြီလို့ ဆိုပါတယ်။ နည်းပြ တင်ရှားဝုဒ်က အဒီဘာယောအပြင် နောက်ထပ်တိုက်စစ်မှူးတစ်ဦး ခေါ်ယူဖို့ကြိုးစားနေရာမှ လောရင့်တိုက်စစ်မှူးကို ခေါ်ယူဖို့ ကြိုးစားနေတာလို့ ဆိုပါတယ်။ ဂျော်ဒါန်အာယောဟာ ပြင်သစ်လိဂ်မှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးပါ။ သူဟာ လျင်မြန်ဖျတ်လတ်မှုနဲ့ ဘောလုံးစွမ်းရည်ပြည့်ဝတဲ့ တိုက်စစ်မှူးဖြစ်တဲ့အတွက် ပရီမီယာလိဂ်မှာ အကောင်းဆုံးတိုက်စစ်မှူးဖြစ်လာနိုင်တယ်လို့ တင်ရှားဝုဒ်က ဆိုပါတယ်။ သို့ပေမယ့် ညှိနှိုင်းဆွေးနွေးနေဆဲပါ။ အက်စ်တွန်ဗီလာကတော့ စာချုပ်ဖို့ အလားအလာများနေပါတယ်။ တိုက်စစ်မှူး လိုအပ်နေတဲ့ အက်စ်တွန်ဗီလာအသင်းဟာ ဂျော်ဒန်အာယောကို ခေါ်ယူနိုင်ဖို့များပါတယ်။



## ဘင်ဇီမာကိုခေါ်ဖို့ အာဆင်နယ်ဒုတိယအကြိမ်ကြိုးစားမည်

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာကိုခေါ်ယူဖို့ အာဆင်နယ်က ဒုတိယအကြိမ်ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ အာစင်ဝင်းဂါးအနေနဲ့ ဘင်ဇီမာကို လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဝင်းဂါးအနေနဲ့ ဘင်ဇီမာကိုခေါ်ယူဖို့ လက်လျှော့ပေးလိုက်ပြီဆိုခြင်းကို ငြင်းဆိုထားပါတယ်။ သို့ပေမယ့် အခုနွေရာသီမှာ စာချုပ်ဖို့ ဖြစ်နိုင်ဖွယ်မရှိသေးဘူးလို့တော့ အာဆင်နယ်သတင်းရပ်ကွက်တာဝန်ရှိသူတွေက ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်ကို ခေါ်ယူခဲ့ပြီးနောက် တိုက်စစ်မှူးသစ်တစ်ဦးကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ လာမယ့်ရာသီမှာ အာဆင်နယ်ကို တောင့်တင်းတဲ့အသင်းဖြစ်လာဖို့ တိုက်စစ်မှူး ဘင်ဇီမာကို အလိုရှိနေတယ်လို့ ဝင်းဂါးက ဆိုပါတယ်။ ရီးရဲမက်ဒရစ်က ထွက်ခွာခွင့်ပြုမယ်ဆိုရင် အသက် ၂၇ နှစ်အရွယ်ရှိ ဘင်ဇီမာကို ခေါ်ယူသွားဖို့ ဒုတိယအကြိမ်မြောက် ကြိုးစားဦးမယ်လို့ နည်းပြဝင်းဂါးက ဆိုပါတယ်။

## မန်ယူမှာ ကစားဖို့ဆန္ဒရှိတယ်ဆိုတဲ့ အီဘရာဟီမိုဗစ်

ကောင်းမြတ်သူ - စုစည်းသည်။



တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ နှစ်ပေါင်းများစွာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးပါ။ အခုသူက မန်ယူနည်းပြ ဗန်ဟားလ်နဲ့အတူ တွဲဖက်အလုပ်လုပ်လိုတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ အီဘရာဟီမိုဗစ်အနေနဲ့ မန်ယူမှာကစားဖို့ ဆန္ဒပြင်းပြနေတယ်လို့ ရှိပါတယ်။ သို့ပေမယ့် အမြဲတမ်းပွဲထွက်ကစားခွင့်ရမှ မန်ယူမှာပြောင်းလိုတယ်လို့ ဆိုပါတယ်။ ဗန်ဟားလ်နဲ့ အလုပ်လုပ်ရာမှာ ပျော်ရွှင်မှုရလိမ့်မယ်လို့ အီဘရာဟီမိုဗစ်က ဝန်ခံပြောကြားခဲ့ပြီးတဲ့နောက် မန်ယူက တရားဝင်ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဗန်ဟားလ်နဲ့ အီဘရာဟီမိုဗစ်တို့ဟာ အိုင်းယက်စ်မှာတုန်းက အဆင်မပြေဖြစ်ခဲ့ကြပေမယ့် မန်ယူမှာ ပြန်ပေါင်းထုတ်ဖို့ အခြေအနေဖြစ်နေပါတယ်။

သို့ပေမယ့် ဗန်ဟားလ် မန်ယူနည်းပြဖြစ်လာပြီးတဲ့နောက် နှစ်ယောက်သား မျက်နှာချင်းဆိုင်ဆုံတွေ့မှုမရှိသေးဘူးလို့ ဆိုပါတယ်။ လောလောဆယ်မှာတော့ အီဘရာဟီမိုဗစ်ဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ အမေရိကန်မှာ သွားရောက်ကစားနေပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
# စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့်
# အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေးအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှုမူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကိုဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏အဓိက ရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနှစ်ရပ်လုံးတွင်ချိုသာသော ဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သောဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုဖြည့်ဆည်းပေးရန်တို့ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle) ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာ ဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့်အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာများကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီအများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်သို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/ တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါအထူးလုပ်ငန်းကုမ္ပဏီအောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချုပ်လွှာရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြားကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အားသတ်မှတ်ထားသောအခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး ၁၅နှစ် သက်တမ်းရှိမည်ဖြစ်ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြု လျှောက်ထားသူများ လိုက်နာရမည့်စည်းမျဉ်းများ**

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လ ရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏အရင်းအနှီးမတည်ငွေမှာ အနည်းဆုံး မြန်မာကျပ်ငွေ (၃)ဘီလီယံ ထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေးစွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာ (သို့မဟုတ်) အခြားဘဏ်စာရင်းအထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည် ဆက်သွယ်ရေးကဏ္ဍ၏ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကိုလိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက်ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်းလိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှတင်ပြလာသောနည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာ မဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့်နိုင်ငံခြား၊ ကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ဖက်စပ်ကော်ပိုရေးရှင်းတစ်ခု ဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

(စ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ ရွေးချယ်ပြီးသည့်အခါ အစုရှယ်ယာများအလိုက် အချိုးကျပေးဆောင်ရန်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အခွန်အခကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း လက်ငင်းငွေချေပေးဆောင်နိုင်ရမည်။

(ဆ) ကုမ္ပဏီသည် နိုင်ငံတော်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အခြားလိုင်စင်ရရှိသူများ၏ အစုရှယ်ယာများတွင် (၁၀)ရာခိုင်နှုန်းအထိသာ ပါဝင်ခွင့်ရှိမည်ဖြစ်ပြီး၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများနှင့် လမ်းညွှန်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း သဘောတူခံဝန်ချက်ရေးထိုးရပါမည်။ အဆိုပါအချက်အလက်များနှင့် တစ်စုံတစ်ရာမကိုက်ညီပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) အဆိုပြုလျှောက်ထားမည့်ကုမ္ပဏီနှင့် ကုမ္ပဏီအဖွဲ့ဝင်များသည် တရားရုံးတစ်ခုခုတွင် အငြင်းပွားမှုဖြစ်ပွားနေခြင်း၊ အမည်ပျက်စာရင်းတွင် ပါဝင်နေခြင်းများ ကင်းရှင်းရပါမည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ**

(က) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့်နည်းလမ်းစဉ်များ၊ အတွေ့အကြုံများနှင့်လုပ်ငန်းအဆိုပြုချက်များကို လျှောက်လွှာတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ အထောက်အထားများနှင့်အတူ လျှောက်ထားရပါမည်။

(ခ) ကုမ္ပဏီသည် အထူးလုပ်ငန်းကုမ္ပဏီတွင်ထည့်ဝင်မည့် မတည်ငွေပမာဏကို ဖော်ပြရန်လိုအပ်ပြီး ပေါ်ထွက်လာမည့်ဖက်စပ်ကော်ပိုရေးရှင်းမှ ပေးဆောင်ရမည့်လိုင်စင်အခွန်အခတွင် သတ်မှတ်ထားသောကာလအတွင်း အချိုးကျထည့်ဝင်နိုင်ကြောင်း ဝန်ခံကတိကို အပေါင်ခံငွေတိုက်စာချုပ်နှင့် အတူ ယှဉ်တွဲပေးဆောင်ရမည်။

(ဂ) အထက်ပါအချက်အလက်များမှားယွင်းဖော်ပြမှုနှင့် ကတိကဝတ်များ ပျက်ကွက်မှုရှိခဲ့ပါက နိုင်ငံတော်အစိုးရမှနစ်နာမည့်ကိစ္စရပ်များအတွက် အပေါင်ခံငွေတိုက်စာချုပ်ပမာဏကိုလည်း မတည်ငွေ၏သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်းပေးလျော်နိုင်ရမည်။

**စီမံခန့်ခွဲရေးကော်မတီ**
**အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်၊**
**ဖုန်း-၀၀၉၅၆၇၄၀၇၃၅၀၊ ၀၀၉၅၉၄၅၀၀၀၀၀၂၃၊ e-Mail:so-info1@e-mcit.gov.mm**

## စက္ကူထုပ်ပိုးပစ္စည်း (၅)မျိုး အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်** - စက္ကူထုပ်ပိုးပစ္စည်း (၅)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၁၄-၈-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ (အင်ရောင်း)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** **ဖုန်း-၀၆၇-၄၀၈၃၈၈**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် 500KVA လျှပ်စစ်ထရန်စဖော်မာ (၁)လုံးအား မြန်မာနိုင်ငံသားပိုင် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရကုမ္ပဏီ)များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၈-၂၀၁၅ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်ကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ**
**ဖုန်း-၀၁- ၉၆၉၉၄၁၀၊ ၀၁- ၆၆၉၀၂၉၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် တံတားများအတွက် လိုအပ်သော Plate Girder (၁၃)ခန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်** - ၂၁-၈-၂၀၁၅ ရက် ၁၆း၃၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၅၁၄**

## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ သီရိပဒေသာယာဥ်ရပ်နားစခန်း၊ နှစ်ထပ်ပွဲရုံတန်းရှိ တိုက်ခန်းများအား ပါရမီဆောက်လုပ်ရေးကုမ္ပဏီမှ ဖော်ပြပါပိုင်ရှင်များသို့အပြီးတိုင် လွှဲပြောင်းရောင်းချပြီးဖြစ်သဖြင့် ပိုင်ရှင်အမည်ပေါက် ပိုင်ဆိုင်ခွင့်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ စာဖြင့် ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | အမည် | ပွဲရုံတန်းဆိုင်ခန်းအမှတ် |
|---|---|---|
| - | ဒုဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း) | A- 13 (ဃ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်ရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ဆိုင်ခန်းပိုင်ရှင်အမည်လွှဲပြောင်းထမ်းဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၁၅-၂၀၁၆)

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လမ်းအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်မည့် မြစ်ကြီးနား - ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်းတွင် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လမ်းခင်းပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသည့် လမ်းခင်းပစ္စည်းများအား အရေအတွက် စံချိန်စံညွှန်းအသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁) မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၃၆၇တွင် ၃-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၈-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူးရုံး၊ လမ်းအထူးအဖွဲ့(၁) မြစ်ကြီးနားမြို့
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၈-၂၀၁၅ ရက် မွန်းလွဲ ၂း၃၀ နာရီ

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀/၁၅)
## သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀/၁၅)ကို ပညာရေးကောလိပ်များတွင် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁ရက် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ်ဖြစ်သည်။
၂။ သင်တန်းသားများကို သင်တန်းတက်နေစဉ်ကာလအတွင်း ပညာရေးကောလိပ်များတွင် ကျောင်းဆောင်နေထိုင်ခွင့်ပေးမည်ဖြစ်သည်။
၃။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-
(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။ (ရမှတ်စာရင်းပူးတွဲတင်ပြရမည်။)
(ဂ) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အသက်(၂၂)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ကျန်းမာသန်စွမ်းပြီး မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(စ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်ရပါ။
၄။ (က) သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို မြို့နယ်ပညာရေးမှူးရုံးများတွင် ရယူနိုင်ပါသည်။
(ခ) လျှောက်လွှာများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်ထက် နောက်မကျဘဲ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ ပေးပို့လျှောက်ထားရပါမည်။
(ဂ) အချက်အလက်မပြည့်စုံသော လျှောက်လွှာများ မမှန်မကန်ဖြည့်စွက်ထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ (က) လျှောက်ထားသူသည် သင်တန်းဝင်ခွင့်သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်း လက်မှတ်ရေးထိုးရမည်။
(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံ ပူးတွဲတင်ပြရမည်။
၆။ (က) သင်တန်းလျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသည့် ပညာရေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးတစ်ခုတည်းတွင်သာ လျှောက်ထားရမည်။
(ခ) ပညာရေးခရိုင်(၆၂)ခုအလိုက် တက်ရောက်ရမည့် ပညာရေးကောလိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကောလိပ်ဝင်ဆံ့အင်အားအရသာ လက်ခံနိုင်မည်ဖြစ်ပါ၍ မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(က) ကျောက်ဖြူပညာရေးကောလိပ်
(၁) စစ်တွေခရိုင်
(၂) မောင်တောခရိုင်
(၃) ကျောက်ဖြူခရိုင်
(၄) မြောက်ဦးခရိုင်
(၅) သံတွဲခရိုင်

(ခ) စစ်ကိုင်းပညာရေးကောလိပ်
(၁) စစ်ကိုင်းခရိုင်
(၂) ရွှေဘိုခရိုင်
(၃) ကသာခရိုင်

(ဂ) တောင်ကြီးပညာရေးကောလိပ်
(၁) တောင်ကြီးခရိုင်
(၂) လင်းခေးခရိုင်
(၃) လွိုင်လင်ခရိုင်

(ဃ) တောင်ငူပညာရေးကောလိပ်
(၁) ပဲခူးခရိုင်
(၂) တောင်ငူခရိုင်

(င) ထားဝယ်ပညာရေးကောလိပ်
(၁) ထားဝယ်ခရိုင်
(၂) မြိတ်ခရိုင်

(စ) ပခုက္ကူပညာရေးကောလိပ်
(၁) ပခုက္ကူခရိုင်
(၂) ဖလမ်းခရိုင်
(၃) မင်းတပ်ခရိုင်

(ဆ) ပုသိမ်ပညာရေးကောလိပ်
(၁) ပုသိမ်ခရိုင်
(၂) ဟင်္သာတခရိုင်

(ဇ) ပြည်ပညာရေးကောလိပ်
(၁) ပြည်ခရိုင်
(၂) သာယာဝတီခရိုင်

(ဈ) ဘားအံပညာရေးကောလိပ်
(၁) ဘားအံခရိုင်
(၂) ကော့ကရိတ်ခရိုင်

(ည) ဘိုကလေးပညာရေးကောလိပ်
(၁) မအူပင်ခရိုင်
(၂) ဖျာပုံခရိုင်

(ဋ) မကွေးပညာရေးကောလိပ်
(၁) မကွေးခရိုင်
(၂) ဂန့်ဂေါခရိုင်
(၃) မင်းဘူးခရိုင်
(၄) သရက်ခရိုင်

(ဌ) မော်လမြိုင်ပညာရေးကောလိပ်
(၁) မော်လမြိုင်ခရိုင်
(၂) သထုံခရိုင်

(ဍ) မုံရွာပညာရေးကောလိပ်
(၁) မုံရွာခရိုင်
(၂) ခန္တီးခရိုင်
(၃) ကလေးခရိုင်
(၄) ဟားခါးခရိုင်

(ဎ) မန္တလေးပညာရေးကောလိပ်
(၁) မန္တလေးခရိုင်
(၂) ပြင်ဦးလွင်ခရိုင်
(၃) ကျောက်ဆည်ခရိုင်
(၄) ညောင်ဦးခရိုင်
(၅) မြင်းခြံခရိုင်

(ဏ) မိတ္ထီလာပညာရေးကောလိပ်
(၁) မိတ္ထီလာခရိုင်
(၂) ရမည်းသင်းခရိုင်
(၃) နေပြည်တော်ဥတ္တရသီရိခရိုင်
(၄) နေပြည်တော်ဒက္ခိဏသီရိခရိုင်

(တ) မြစ်ကြီးနားပညာရေးကောလိပ်
(၁) မြစ်ကြီးနားခရိုင်
(၂) ပူတာအိုခရိုင်
(၃) မိုးညှင်းခရိုင်
(၄) ဗန်းမော်ခရိုင်

(ထ) မြောင်းမြပညာရေးကောလိပ်
(၁) မြောင်းမြခရိုင်
(၂) လပွတ္တာခရိုင်

(ဒ) ရန်ကင်းပညာရေးကောလိပ်
(၁) ရန်ကုန်တောင်ပိုင်းခရိုင်
(၂) ရန်ကုန်မြောက်ပိုင်းခရိုင်

(ဓ) လှည်းကူးပညာရေးကောလိပ်
(၁) ကျိုင်းတုံခရိုင်
(၂) မိုင်းဖြတ်ခရိုင်

(န) သင်္ဃန်းကျွန်းပညာရေးကောလိပ်
(၁) ရန်ကုန်အရှေ့ပိုင်းခရိုင်
(၂) ရန်ကုန်အနောက်ပိုင်းခရိုင်

(ပ) လားရှိုးပညာရေးကောလိပ်
(၁) လားရှိုးခရိုင်
(၂) ကျောက်မဲခရိုင်
(၃) မူဆယ်ခရိုင်

(ဖ) လွိုင်ကော်ပညာရေးကောလိပ်
(၁) လွိုင်ကော်ခရိုင်
(၂) ဘော်လခဲခရိုင်

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၇ရက်၌ ထုတ်ပြန်မည်ဖြစ်ပါသည်။
၈။ သင်တန်းတက်ရောက်ခွင့်ရသူများသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အတွင်း သက်ဆိုင်ရာပညာရေးကောလိပ်များသို့ သတင်းပို့ရမည်။
၉။ သတင်းပို့သည့်အချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံစာ(မူရင်း)၊ ရမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)များ ယူဆောင်လာရမည်။
၁၀။ သင်တန်းသားလက်ခံရေးအဖွဲ့က ဆရာအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိ/မရှိ လူတွေ့စစ်ဆေးပါမည်။
၁၁။ (က) သင်တန်းအောင်မြင်ပြီးမြောက်ပါက ဆရာအတတ်ဒီပလိုမာ (Diploma in Teacher Education) ချီးမြှင့်မည်။
(ခ) ဆရာအတတ်ပညာဒီပလိုမာရသူများကို မူလတန်းပြဆရာအဖြစ် ခန့်ထားမည်။

**တင်မျိုးကြည်**
**ညွှန်ကြားရေးမှူးချုပ်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၅)၊ မြေဧရိယာ ၅ ဒသမ ၀၀ဧကအား အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း(ရန်ကုန်မြို့တွင်း/အဝေးပြေး)ကို သီးသန့်ဆောင်ရွက်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၅) ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၁၉-၆၉၉၇၄၄၊ ၀၉-၅၀၅၉၉၈၀၊ ၀၉-၈၃၀၂၅၀၅၊ ၀၉-၂၅၀၁၈၅၆၉၇၊ ၀၉-၄၃၀၂၅၂၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၊ မြေပုံထုတ်လုပ်ရေးဌာနခွဲ၊ ရန်ကုန်မြို့ရှိ HP DESIGNJET PLOTTER, ( A-0 Size) ( Model - Z3200) (၁)လုံး ချွတ်ယွင်းနေပါသဖြင့် ပြင်ဆင်လိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် မြေပုံထုတ်လုပ်ရေးဌာနခွဲ၊ မြေတိုင်းဦးစီးဌာန၊ ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်တွင် တင်ဒါပုံစံများရယူနိုင်ပါသည်။
၃။ တင်ဒါပုံစံများအား ၃-၈-၂၀၁၅ ရက် (တနင်္လာနေ့) ၁၅း၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၆၆၂၉၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ**
**မြေတိုင်းဦးစီးဌာန**

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဝေါလ်ကွန်ဆန်းမြန်မာမှ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘုန်းကြီးကုန်းကျေးရွာအုပ်စု၊ရေဝံလေးကျေးရွာတွင် (၄၅'×၃၀'× ၂၅') မှန်တိုင်းဒဏ်ခံအဆောက်အအုံ(၁)လုံး၊ (၁၄'×၅'၆"×၇')နှစ်ခန်းတွဲအိမ်သာ(၂)လုံး ဆောက်လုပ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၃-၈-၂၀၁၅ မှ ၁၀-၈-၂၀၁၅
(ခ) တင်ဒါလျှောက်လွှာ ရယူရမည့်နေရာနှင့် ပြည်လည်တင်သွင်းရမည့်နေရာ - (၁)အမှတ်(၄၇၇/၄၇၉ အေးရိပ်သာလမ်းသွယ်(၂) (၆)လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၅၇၃၅၅၊ ၄၀၁၅၅၄
(၂) ဝေါလ်ကွန်ဆန်းမြန်မာ (ရုံးခွဲ) အမှတ်(၁၈၇/၄) ကုန်သည်လမ်း၊ လပွတ္တာမြို့နယ်။ ဖုန်း ၀၄၂-၈၀၁၇၈
(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် - ၃၁-၈-၂၀၁၅ ရက် (၁၆း၄၀ နာရီ)
၂။ အသေးစိတ်သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | (a) R.O Membrane(Part No-8222 HR-400) | 54 Nos |
| | (b) Main Shaft(Model No.LRA 650 425 SS) | 1 No |
| | (c) Fan Blade(Model No.59/07/H3/6700) | 1 Set |
| | (d) Universal Cup(Membrane Tubc end Cup For Model- BEL 8-S-450RO 8 INCH DIAMETER) | 2 Nos |
| 2 | (a) $CO_2$ Analyzer AO 2020 | 1 No |
| | (b) Oil Separator Kit (Part No.2906 0752 00 | 6 Sets |

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၁-၈-၂၀၁၅ ရက် ၁၃း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုးရေးရှင်းလီမိတက်
## အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၄/၂၀၁၅-၂၀၁၆)
## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **ကျင်းပမည့်နေ့ရက်** - ၆-၈-၂၀၁၅ ရက် (ကြာသပတေးနေ့)
(ခ) **ကျင်းပမည့်အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
(ဂ) **ရောင်းချမည့် သစ်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၁၆၅၃)လုံး ၁၀၄၅ ဒသမ ၂၁၄ တန်
(ဃ) **ကျင်းပမည့်နေရာ** - မြန်မာ့သစ်လုံးလုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၃၂၀၂၅၄၄ တို့သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် ရုံးတွင်းစာများတင်ပြမှုစနစ်၊ မြေပုံများစီမံခန့်ခွဲမှုစနစ်နှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုစနစ်များ တပ်ဆင်လိုပါသဖြင့် အောက်ပါ Software များနှင့် Workstation တို့အား ဌာနအရောက်တန်ဖိုး (D.D.P) (နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Inventory Management System with Workstation | 1 Unit |
| 2. | Human Resources Management System | 1 Unit |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၄-၈-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်လမ်းပို့ဆောင်ရေး
## အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း

၁။ အဆင့်မြင့်ခရီးသည်တင်ယာဉ်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှုသင်တန်းကို ၅-၈-၂၀၁၅ ရက်မှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ယာဉ်မောင်းသင်တန်းကျောင်းတွင် အဆင့်မြင့်ယာဉ်ကြီးများဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
၂။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုသောအချက်များကို အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
(က) ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်(ရွာတော်)၊ ခရေလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့ (နေပြည်တော်ဘူတာကြီးအနီးနှင့် ကညနအရှေ့ဘက်)
ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၇၉၈၂၂၈၄၁၇၊ ၀၉-၄၀၂၇၀၁၉၂၆
(ခ) ကုန်းလမ်းပို့ဆောင်ရေး(ရန်ကုန်) အခြေစိုက်အလုပ်ရုံ(၂)၊ မြောက်ဒဂုံ၊ (၅၁) ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊
ဖုန်း-၀၁-၅၈၀၃၆၈၊ ၀၉-၇၃၀၂၁၁၇၆
(ဂ) ကုန်းလမ်းပို့ဆောင်ရေး(မန္တလေး) အခြေစိုက်အလုပ်ရုံအမှတ်(၄)၊ ယာဉ်မောင်းသင်တန်းကျောင်း ကန်တော်ကြီးအရှေ့ဘက်၊ စစ်ကိုင်း မန္တလေးလမ်းနှင့် လမ်းသစ်လမ်းထောင့်၊
ဖုန်း-၀၉-၅၃၆၆၁၈၆၊ ၀၂-၅၉၀၂၃၊ ၀၉-၄၃၀၆၂၂၆၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်၊ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်စုပေါင်းရုံး ဆောက်လုပ်ခြင်း RC သုံးထပ် (၂၈၈×၃၁)ပေ၊ ကြမ်းခင်း ဧရိယာ(၂၆၇၈၄)စတုရန်းပေအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အဆိုပါလုပ်ငန်း အား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင် ကြောင်း၊ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း သထုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်ဆောင်ရွက် မေးမြန်း နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်/ အချိန်** - ၁၂-၈-၂၀၁၅ ရက် ၁၄:၀၀ နာရီ
(င) **ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၄၀၄၄၁၊ ၀၅၇-၄၀၄၄၂

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံမြို့**
**ဖုန်း-၀၅၇-၄၀၄၄၁၊ ၀၅၇-၄၀၄၄၂**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် လိုအပ်သောလမ်းခင်းကျောက်များနှင့် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ ကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၄-၈-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/ အချိန်/ နေရာ** - ၇-၈-၂၀၁၅ ရက်
မွန်းလွဲ ၂:၀၀နာရီ
လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
လမ်းဦးစီးဌာန၊ (၁၁)ရပ်ကွက်၊ ၅ လမ်း၊
ဖျာပုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၄-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
လမ်းဦးစီးဌာန၊ ၁၁ ရပ်ကွက်၊
(၅)လမ်း၊ ဖျာပုံမြို့၊ ဖုန်း-၀၄၅-၄၀၄၂၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၀)၊ မြေကွက်အမှတ် ၁၄၀၁၊ အမည်ပေါက်ဦးကျော်ဝင်း AT -၀၁၂၀၈၇ ထံမှ ဝယ်ယူထားသူ ဒေါ်စန်းစန်းကြည် ဂျေ/အာရ်ဂျီအန်-၀၅၉၁၄၃ မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီး ဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေး ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၂/၂၀၁၅-၂၀၁၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်လက်အောက်ရှိ မြောင်းမြ၊ဝါးခယ်မ၊ အိမ်မဲ မြို့နယ်တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ရရှိသော ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက်(မြန်မာကျပ် ငွေဖြင့်) ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၀-၈-၂၀၁၅ ရက်မှစတင်၍ ဖော်ပြ ထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၈-၂၀၁၅ ရက်၊ ညနေ ၃:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြောင်းမြခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန
မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၈-၂၀၁၅ ရက် နံနက် ၁၀:၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၀-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၄၂-၇၀၁၅၃**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၈/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/ သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၈-၂၀၁၅ ရက်မှ ၁၂-၈-၂၀၁၅ ရက်အထိ ၈:၀၀ နာရီမှ ၁၆:၃၀ နာရီအထိ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး ၃၂၈ တန်ခန့်
သစ်မာသစ်လုံး ၁၉၅၇၅ တန်ခန့်
ကျွန်းခွဲသား ၂၃၈ တန်ခန့်
သစ်မာခွဲသား ၃၈၇ တန်ခန့်
(ပိတောက်/တမလန်းခွဲသား/ဓါးရွေများပါဝင် ပါသည်။)
(ဂ) **ရောင်းချမည့်နေရာ** - အမှတ် ၁၀၃၊ သစ်စက်ရှင်းလင်းဆောင်၊ မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက် ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ နမ့်စန်မိုင်းပြင်း - ကျိုင်းတုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများကို Turnkey Tender စနစ် နိုင်ငံခြား ငွေဖြင့် ဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၈-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၃၄

ဦးအောင်ကျော်ဆွေ **နှင့်** ဒေါ်ခင်အုန်းမြင့် ပါ-၂
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၁၅၁/၂၀၁၄၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူအမှတ် (၁)ဒေါ်ခင်အုန်းမြင့်၊ အမှတ် (၁၃) ရပ်ကွက်၊ မြင်းခြံမြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်။
ဤအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှဝင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၁၅ ခုနှစ် သြဂုတ် ၁၀ရက် နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။
သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်တွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။
၂၀၁၅ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## တန်ဖိုးသတ်မှတ်၍ လေလံတင်ရောင်းချရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အတွင်း တရားမဝင်ကိစ္စရပ်များကြောင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရပြီး တရားရုံးမှ အမှုပြီးပြတ်ပြီးဖြစ်သည့် အောက်ပါစက်လှေ(သစ်သားကိုယ်ထည်)လေးစီးကို မျက်မြင်အခြေအနေအတိုင်း မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါဖိတ်ခေါ်၍ ရောင်းချသွားမည်ဖြစ်ပါသည်။

| စဉ် | ရေယာဉ်အမျိုးအစား/ ကိုယ်ထည် | အတိုင်းအတာ | အင်ဂျင်အမျိုးအစား (အရေအတွက်) | နေရာ | အခြေအနေ |
|---|---|---|---|---|---|
| ၁ | ကုန်တင်(သစ်သား) | ၉၉'×၂၄'×၁၂' | EK 100 ×(၂)လုံး | ကျောက်ဖြူမြို့ | ရေဝင် နစ်မြုပ် ပျက်စီး |
| ၂ | ။ ။ ။ | ၈၈'×၁၄'×၅' | EK 100 ×(၁)လုံး | ။ | |
| ၃ | ငါးဖမ်း(သစ်သား) | ၆၅'×၁၃'×၇' | EK 100 ×(၁)လုံး | ။ | |
| ၄ | ။ ။ ။ | ၆၈'×၂၀'×၉' | CUMMINS (၁)လုံး | ။ | |

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၉-၇-၂၀၁၅ ရက်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (စစ်တွေမြို့) ဖုန်း-၀၉-၈၅၁၆၅၀၅၊ ၀၄၃-၂၃၄၅၈ တို့တွင် ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တန်ဖိုးသတ်မှတ်၍ လေလံတင်ရောင်းချရေးအဖွဲ့**

### အသုံးမလို ရုံးသုံးစက်ပစ္စည်း၊မော်တော်ယာဉ်အပိုပစ္စည်း၊ အခြားပစ္စည်းအဟောင်းများ၊ တာယာဘက်ထရီအဟောင်းများအား ရောင်းချရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်း အင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂ နေပြည်တော်တွင် ပြုပြင်သုံးစွဲရန်မသင့်သော အောက်ပါရုံးသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးစက်ပစ္စည်း | ၇၃ မျိုး |
| (ခ) | မော်တော်ယာဉ်အပိုပစ္စည်း | ၁၈၇ မျိုး |
| (ဂ) | အခြားပစ္စည်းအဟောင်းများ | ၁၃၅ မျိုး |
| (ဃ) | တာယာ၊ဘက်ထရီ | ၁၁၂ မျိုး |

၂။ **တင်ဒါပုံစံ၊စည်းကမ်းဝယ်ယူရမည့်ရက်** - ၂၈-၇-၂၀၁၅ ရက်မှ ၁၁-၈-၂၀၁၅ရက်အထိ
၃။ **တင်ဒါတင်သွင်းမည့်ရက်** - ၁၂-၈-၂၀၁၅ရက် မွန်းလွဲ ၁၃:၀၀နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် ၃၂၊ အစည်းအဝေးခန်းမ၊ နေပြည်တော်
၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေး ရေးဦးစီးဌာန၊ရုံးအမှတ်၃၂၊ နေပြည်တော် နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ရန်ကုန်
၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါကဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ရုံးအမှတ် ၃၂နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၄၀၆၃၂၂၊ ၄၀၆၃၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ထုခွဲရောင်းချရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
## ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ လုပ်ငန်းဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | လစ်လပ်ရာထူး | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဌာနခွဲမှူး(မြို့ပြ) | ၁ | B.E (Civil) |
| (ခ) | ဌာနခွဲမှူး(လျှပ်စစ်) | ၁ | B.E (Electrical Power) |
| (ဂ) | ဌာနစုမှူး(မြို့ပြ) | ၂ | AGTI (Civil) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။
(ခ) ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။
(ဂ) အသက် (၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) ဂေါပကအဖွဲ့ရုံးတွင် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေး ကတ်မိတ္တူ၊ ပညာအရည်အချင်းနှင့်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံစာများ ပါရှိရမည်။
(စ) လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။
၃။ သက်ဆိုင်ရာဘာသာရပ်အလိုက် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
၄။ အလုပ်ခန့်အပ်ခြင်းခံရသူများအတွက် နေအိမ်ခန်းလိုအပ်ပါက အလေးထား စဉ်းစားပေးမည်။
၅။ လျှောက်လွှာကို ၁၄-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၉၅၉၈၇နှင့် ရုံးချိန်အတွင်း ဖုန်း- ၀၁-၃၇၁၀၈၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၁)၊ မြေကွက်အမှတ် (၂၂၃၀+၂၂၃၁)အား စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် သိမ်းဆည်း ခံခဲ့ရပါသဖြင့် အဆိုပါမြေကွက်အစား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၃/၂)၊ မြေကွက်အမှတ် (၅၈+၅၉)အား အစားထိုးရရှိထားသူ ဦးမြသိန်း ၁၂/လသန(နိုင်) ၀၀၃၃၉၆မှ အစားရှိသော မြေကွက်အတွက် မြေချပါမစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက် ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးဘာဘာ (၉၈) နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးဉာဏ်ထွန်းဦး + ဒေါ်ခင်စောဥမ္မာ တို့၏ ဖခင် ဦးဘာဘာ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ညွန့်ရင်
**အသက် (၉၆)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊ စစ်တွေခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ချို၏မိခင် ဒေါ်ညွန့်ရင်သည် ၂၂-၇-၂၀၁၅ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ
စစ်တွေခရိုင်နှင့်စစ်တွေမြို့နယ်၊ လမ်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်အိ (ဒိုက်ဦး)
**မင်္ဂလာချည်လုံးဆိုင်၊ သိမ်ကြီးဈေး(ဘီ)ရုံ**
**အသက် (၉၀)**

သူငယ်ချင်း ဒေါက်တာအောင်နိုင်-ဒေါ်အေးအေးအောင်တို့၏ မိခင်သည် ၂၀-၇-၂၀၁၅ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**16th batch B.D.S.
(1981-86) မှ သူငယ်ချင်းများ**

## အထူးကြေကွဲဝမ်းနည်းခြင်း
### ဆရာကြီးဦးလှိုင်
**လ/ထကထိက (ငြိမ်း)၊ ရန်ကုန်ပညာရေးတက္ကသိုလ်**
**အသက် (၉၀)**

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့စဉ်က တပည့်များအပေါ် သားသမီးနှင့်မခြား နွေးထွေးကြင်နာစွာ သင်ကြားဆုံးမခဲ့သည့် ဆရာကြီး ဦးလှိုင်သည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၄-၁၉၇၈ (B.Ed) တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### သီရိပျံချီ ဦးအောင်သောင်း
**အသက်(၇၉)နှစ်**

